မဇ္ဈိမဖြူးသိုက်

# လပကျောင်ကျေးငှက်

## အချစ်သည်..

(ကိုးနာရီ ကိုးမိနစ် ကိုးစက္ကန့်)



## စာဖတ်သူများသို့ ပန်ကြားချက်

ကျွန်မကိုယ်တိုင်ရေးသားသော လရောင်ကျူးရင့် ကလောင်နာမည်ဖြင့် လုံးချင်းဝတ္ထုများကို ပတ္တမြားသိုက်စာပေ တစ်ခုတည်းမှသာ ထုတ်ဝေဖြန့်ချိလျက် ရှိပါသည်။

လရောင်ကျူးရင့် ကလောင်ဖြင့် ယခင်က ရေးသားထုတ်ဝေခဲ့သော စာအုပ်များနှင့် ပတ်သက်၍လည်းကောင်း ပတ္တမြားသိုက်စာပေမှ ထုတ်ဝေလျက် ထုတ်ဝေပြီး စာအုပ်များနှင့် ပတ်သက်၍လည်းကောင်း ဇာတ်ကောင်နာမည်များ၊ ဇာတ်လမ်းကျော ရိုးများ၊ ဇာတ်ဝင်ခန်းများကို မည်သည့်နည်းနှင့်မျှ သုံးစွဲခြင်းမပြုရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျွန်မ၏ ခွင့်ပြုချက် မရှိဘဲ Online Media များပေါ်၌ Screenshot များတင်ခြင်း၊ Link များပြုလုပ်၍တင်ခြင်း၊ PDF ဖိုင်များပြုလုပ်၍တင်ခြင်း၊ Application များပြုလုပ်ပြီး Download ဆွဲ၍ အသုံးပြုနိုင်ရန်ပြု လုပ်ခြင်း၊ မိတ္တူကူးယူ၍ ရိုက်နှိပ်ဖြန့်ချိခြင်း၊ တခြားသော နည်းအမျိုးမျိုးဖြင့် ကူးယူ ဖြန့်ချိခြင်းများ ကိုလည်း ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခွင့်မရှိကြောင်း ပန်ကြားအပ်ပါသည်။

လရောင်ကျူးရင့်

*****

## အခန်း(၁)

ဘယ်လိုမှ မထင်မှတ်ခဲ့သည့် မျက်နှာတစ်ခုကို ဘွားခနဲ မြင်လိုက်ရသဖြင့်

ကာရံ ခြေလှမ်း တုံ့သွားသည်။ ချစ်ကံမကြုံခဲ့ရသော သူမချစ်ရပါသည့် ချစ်သူ ...။ တိမ်တိုက်က ကလေးငယ် တစ်ယောက်ကို ချီထားလျက် ဘေးမှာ သူမလိုပဲ ဆံပင်ရှည်ရှည်နှင့် အမျိုးသမီးတစ်ယောက် ...။ ဖြစ်နေလောက်ပြီပေါ့ နှစ်တွေလည်း ကြာခဲ့ပြီပဲ ...။ မျက်လုံးချင်း မဆုံခင် သူမ မျက်နှာရော ခြေလှမ်းပါလွှဲ၍ တစ်ဖက်လမ်း ကြားထဲကို ဦးတည်လိုက်သည်။ သို့သော် ...

"ချာတိတ် ... "

တိမ်တိုက်၏ ခြေလှမ်းကျဲတွေက သူမနားကို ခုန်လွှားရောက်လာတဲ့ အတိုင်း ...

"ကာရံ ... "

ကာရံခြေလှမ်းတွေ ရပ်သွားသည်။ ဒါပေမဲ့ လှည့်မကြည့်ဖြစ်။ တိမ်တိုက်က သူမမျက်နှာရှေ့လာရပ်ပြီး မျက်နှာကို သေချာငုံ့ကြည့်ပြီးမှ ...

"ပိန်သွားတာလား အရပ်ထွက်လာတာလားပဲ ... ဆံပင်တွေလည်းအတော်ရှည်လာတယ် ... လှလည်းပိုလှလာတယ် ... "

မဖြစ်သာသည်မို့ မျက်နှာမော့လိုက်ရကာ ...

"ကို ... အစ်ကိုရော နေကောင်းလား ... "

"ကောင်းပါတယ် ... ဘာဖြစ်လို့ ကိုယ့်ကို ရှောင်သွားတာလဲ၊ ကိုယ့်အစ်မဝမ်းကွဲ မိသားစုကို ဘုရားလိုက်ပို့တာပါ ..."

"ဩော် ... "

"ကိုယ် လက်မထပ်ဖြစ်ဘူး ... "

"ဟုတ် ... "

အသက်မပါစွာ ပြောဆိုနေသည့် ကာရံ့ကို ငုံ့မိုးကြည့်ရင်း တိမ်တိုက် စိတ်

မကောင်း ဖြစ်သွားမိသည်။ ဟိုအရင်တုန်းတည်းက အိမ်ထောင်ပြုဖို့ကို အာရုံ မထားခဲ့တာပါ။ ဒါပေမဲ့ ကာရုံက ကလေးလိုပဲ နွဲ့သည်။ သူလက်မ ထပ်နိုင်တာကို အထင်တွေလွဲပြီး စိတ်ကောက်သည်။ ကာရုံ စိတ်ကောက် နေတာကို မခံနိုင်တာကြောင့် ချက်ချင်း လက်ထပ်ဖို့ပြင်ခဲ့၏။ ပိုပြီး မြန်ချင် တာက လရိပ်ဖြူအတွက် သူမခံစားနေ ရတာတွေကို အားပေး နှစ်သိမ့်ချင် လို့ ဖြစ်သည်။ သို့သော် အရာရာသည် ကိုယ်ချရေးတဲ့ ပန်းချီကား တစ်ချပ် လို စိတ်တိုင်းကျဖြစ်မလာခဲ့ ...

"ဟိုတုန်းက ကိစ္စတွေကို မင်းပြန်မကြားချင်မှန်း ကိုယ်သိပါတယ် ... အခု မင်းမှာရော ကိုယ့်မှာရော မိဘတွေ မရှိကြတော့ဘူးဆိုတော့ ... "

"မိဘတွေ မရှိကြတော့ပေမဲ့ သူတို့ရဲ့ အမှာစကားတွေကိုတော့ လေးစားရ မယ်မို့လား ကိုကို..."

လွှတ်ခနဲခေါ်မိပြီးမှ ကာရုံမျက်လွှာချပစ်မိသည်။ ပန်းခရမ်းရောင်ချိတ် လေးနှင့် ပေါင်လယ်လောက်ထိ ရှည်နေပြီဖြစ်သည့် ဆံပင်တွေကို ဒီတိုင်းဖြ န့်ချထားသည့် ကာရုံ့ပုံစံလေးက လေအသွဲ့မှာ နွဲ့နွဲ့ဖြာနေသော ဆံနွယ်ရှည် တို့ဖြင့် ကိုယ်ဟန်သွယ်သွယ်သည် မိန်းမလှ ပန်းချီကားချပ်လေးအတိုင်း ...

"ဟုတ်ပါတယ် ... ချာတိတ်ပြောတာကိုယ် သဘောပေါက်ပါတယ်၊ အဲဒီ တုန်းက စကားအမှားတွေ ရှိခဲ့ကြတယ် ... ခုချိန်မှာ ... "

"စကားအမှားတွေ မဟုတ်ပါဘူး ကိုကို ... အမှန်တရားတွေပါ၊ အဲဒီအချိန် က ပွဲမပျက်ခဲ့ရင် စိတ်ဆင်းရဲရဆုံး ဖြစ်မယ့်လူက ကိုကိုပါ ... နှင်းစိတ်တွေ ခုချိန်ထိ မပြောင်းလဲနိုင်သေးဘူး၊ ကာရုံကြောင့်ပဲ မေမေတို့ ... "

မျက်ရည်စက်တို့ လက်ခနဲ ကြွေလွင့်သွားတာ မြင်လျှင် တိမ်တိုက်ပင့် သက် ရှိုက်မိ၏။ သူမလေး ငိုနေတာကို မကြည့်ရက်ခဲ့သည့် စိတ်ကလည်း သူ့ရင်ထဲမှာ အရင်အတိုင်းပဲဆိုတာ ဘယ်လိုပြောရမလဲ ... ။ သို့သော် သူမ

တို့မိသားစု အပေါ်မှာ ဒေါ်လေး ခွဲခြားပြောဆိုခဲ့သည့် စကားလုံးတွေကြောင့် အရာရာဟာ အလိုအလျောက် အဆုံးသတ်သွားခဲ့၏။

"လူမှုရေးအရ အားနာပေမဲ့ အိမ်ထောင်ရေး အတွက်ဆိုရင်တော့ အားနာလို့ မဖြစ်ဘူးမို့လား မနှင်းပွင့်ရယ် ... ကျွန်မတို့ကို နားလည်ပေးပါရှင်၊ ခုချိန်ထိ ပုံမှန် ပြန်ဖြစ်လာဖို့ မနီးစပ်တဲ့ စိတ်ဝေဒနာက တိမ်တိုက်အတွက် အကြီးမားဆုံးရန်သူ ဖြစ်လာမယ် ဆိုရင်တော့ ဒါကို စဉ်းစားကြမှ ဖြစ်မှာပါ ... "

"ရှူးနေတယ်လို့ ကျွန်မ မပြောရက်ပါဘူး ... ဒါပေမဲ့ ဒီလောက်ကြောက်စရာ ကောင်းတဲ့နေရာကို တစ်ယောက်တည်း ထထသွားတယ်ဆိုတာ ခုလိုမိန်းမငယ်လေး တစ်ယောက်တွက် ပုံမှန်စိတ်နဲ့ ဖြစ်မှမဖြစ်နိုင်တာ ... အခုမရှူးလည်း ကြာရင်ရှူး သွားနိုင်တယ် ဆိုတာ လူတိုင်း တွေးမိကြမယ့်ကိစ္စ ... "

"တိမ်တိုက်ကို လက်ထပ်ပေးတော့မှာ ... သူ့ငယ်သူငယ်ချင်းပါ၊ ဒီဇိုင်နာလေ ... ကိုရီးယားက ပြန်လာတာ မကြာသေးဘူး ... "

စသဖြင့်သော ကြိုးစကိုဖြတ်တောက် ခုတ်ပိုင်းပစ်စေသော သတင်းအချက်အလက်တို့ကို အချိန်နဲ့ တစ်ပြေးညီ ပို့လွှတ်နေခဲ့ပြီးသည့်နောက် ...

"သူတို့ကပဲ စေ့စပ်ထားတာကို ဖျက်လိုက်တယ် ..." ဆိုသည့် သတင်းတစ်ရပ် တုံ့ပြန်လာခဲ့သည်။ ပြီးတော့ ကာရံ့ကို သူလုံးဝ တွေ့ခွင့်မရခဲ့တော့ပေ။ ထို့နောက် ကာရံတို့ ပြောင်းသွားကြပြီ ဆိုသည့်သတင်း ... သိပ်မကြာခင်မှာပဲ ကာရံ့ရဲ့မေမေ ဒေါ်နှင်းပွင့်ဖြူ ဆုံးသွားပြီ ဆိုသောသတင်း ... ဆက်တိုက်သော သတင်းဆိုးတို့သည် ...

"ကိုယ့်စကား ဆုံးအောင်ပြောပါရစေ ... ကိုယ်ချာတိတ်ကို ကမ်းလှမ်းနေတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ မျှော်လင့်ခွင့်တော့ ရှိသေးတယ်ထင်တယ် ... ကိုယ်တို့ ပြီးသွားခဲ့ပြီလို့ အမျိုးမျိုး ဖြေသိမ့်နေခဲ့လို့ရတယ်၊ မြင်လိုက်ရတော့

မရဘူး ... ကိုယ့်ရင်ထဲမှာ အရင်က အတိုင်းပဲဆိုတာ ... "

"ကာရံကတော့ မေ့ဖို့ပဲ ကြိုးစားမှာပါ ... ဘာဖြစ်လို့လဲဆိုတော့ ကာရံအခု ရန်ကုန် ပြန်ရောက်လာတည်းက မမရဲ့အလုပ်တွေကို လုပ်ချင်တာ သက်သက်မဟုတ်ဘူး ... အလုပ်က ပြန်တိုင်း အဲဒီအိမ်ကိုပဲ ... "

"တော်တော့ ကာရံ ... "

တိမ်တိုက်မျက်နှာက ကာရံ ချောက်ကမ်းပါးထိပ်က ခုန်ချတော့ဖို့ နောက်ဆုံး ခြေလှမ်းကို အားယူနေတာ မြင်လိုက်ရသည့်နှယ် ...

"အဲဒါ ချစ်တာမဟုတ်ဘူး ... စိတ္တဇဖြစ်သွားပြီ ... "

ဒီအိမ်ကြီးကို လူတွေအမျိုးမျိုး ပြောနေကြသည်။ လရိပ်ဖြူကိုလည်း မကြာမကြာ မြင်နေကြသည့် သတင်းတွေ ထွက်နေသည်။ ညဘက်ဆို တံခါးဒီတိုင်း ကျိုးပျက်နေတာတောင် ဘယ်သူမှ ခြံရှေ့ကတောင် ဖြတ်မလျှောက်ဝံ့ဘူး ဆိုတာလည်း သတင်းတွေ ကြီးနေသည်။ ဒါတောင် ဘယ်လိုသတ္တိတွေနဲ့လဲ ... သရဲတစ္ဆေ ဆိုတာကို သူယုံကြည်လို့ မဟုတ်ပေ။ ဒါပေမဲ့ လရိပ်ဖြူကို သူမကိုယ်တိုင် ဟိုမှာမြင်လိုက် ဒီမှာမြင်လိုက်။ နှင်းကာရံ ပျောက်သွားပြီဆို အဲဒီအိမ်ကြီးထဲမှာ ...။ အဲဒီအိမ်ထဲကို ရောက်သွားတိုင်း တစ်ခါမှ သတိနဲ့ ပြန်လာရတယ် ဆိုတာမရှိ။ သူမကို အမြဲတမ်း ပွေ့ထုတ်ရသည်ချည်း ...

"နှစ်တွေလည်း ကြာလှပြီကွာ ... ကိုယ်မင်းအတွက် ပြောနေတာကာရံ၊ အဲဒီအိမ်ကို လုံးဝမသွားပါနဲ့ ... "

"ဟင့်အင်း ... ကာရံအပြင်ကနေ ဒီတိုင်းရပ်ကြည့်တာပါ ... "

"ရပ်လည်း မကြည့်ပါနဲ့တော့ကွာ ... နွေမွှန်းတည့်က နိုင်ငံတော်ကပေးတဲ့ လွတ်ငြိမ်း ချမ်းသာခွင့်တွေနဲ့ လွတ်နေတာကြာလှပြီ၊ သူသာ အဲဒီထဲကို

ရောက်နေခဲ့ရင် ... "

"သူပိုင်တဲ့အိမ်မှ မဟုတ်တာ ... အဲဒီအိမ်ကို မမဝယ်ထားတာ၊ သူပိုင်တာ ဘာမှမရှိဘူး ... "

"ကျွတ် ... "

ဒီပုံစံ မပြောင်းပါလား ဆိုသည့် မျက်နှာနှင့် တိမ်တိုက် ကျွတ်ခနဲ ဖြစ်၏။ သူမကလည်း ကိုယ့်အမှန်တရားနဲ့ ကိုယ်ပါ။ အတိတ်ဆိုတာ အရိပ်ပမာ ဆိုသည့်အတိုင်း ရင်ဆိုင် ဖြတ်သန်းခဲ့ရသည့် ကာလတစ်လျှောက်လုံး လွယ်ကူခဲ့တာ ဘာရှိလို့လဲ ... ။ သူမ အတိတ်မေ့သလို ဖြစ်သွားပြီး ဘာမှ ကောင်းကောင်း မသိတော့တာ နှစ်နဲ့ချီသည်။

မေမေ ဆုံးသွားတာတောင် သူမဘာမှ မသိလိုက်တဲ့ အဖြစ်မှာ တီလေးသာ ရှိမနေခဲ့ရင် သူမ ဘာဖြစ်သွားမည် ဆိုတာမသိ။ ပြန်ကောင်းလာတော့ မမရဲ့ အစိတ်အပိုင်းတွေကို ဟိုလူယုတ်မာ မြှုပ်နှံ ထိန်းကွပ်ထားတယ်ဆိုတာ သတိရလာသည်။ အချိန်မတော် ပိတ်ထားသည့် ခြံကြီးထဲ ဝင်ရှာမိလို့ နောက်ဖေးသွပ်တန်း ပြိုကျခဲ့သည်။ ထိုပျက်စီးမှုမှာ သူမခြေထောက်တွေ မသန်စွမ်း ဖြစ်သွားခဲ့ရ၏။ ဒီဒဏ်တွေ ဒဏ်ရာတွေကို အလူးအလဲခံစား ရင်ဆိုင်ခဲ့ရသည်။ အဆိုးဆုံးသည် ကိုယ့်ချစ်သူမိသား စု၏ စိတ်ပျက်စွာ စွန့်ပစ်ထားရစ်ခဲ့ခြင်းပင် ...

"ကာရံစိတ်ချမ်းသာသလို နေပါရစေ ... သေကွဲရှင်ကွဲတွေနဲ့ ကာရံကို တစ်ယောက်တည်း ထားခဲ့ကြပြီးမှ ဘယ်လိုနေပါ ဘယ်လိုထိုင်ပါဆိုတဲ့ နည်းပေးလမ်းပြတွေနဲ့ လာမကျပ်ပါနဲ့ ... "

"ကာရံ ... "

ကာရံ့မျက်ဝန်းမှာ မျက်ရည်တွေ စိုစွတ်လာခဲ့သည်။ သူတားဆီးလို့ မပြော

သာတဲ့ အဖြစ်ကြုံတိုင်း နှုတ်ခမ်းတွေ စေ့ပိတ်ပြီး မျက်နှာ လွှဲပစ်တတ်သည့် သူမသည် ဒီတစ်ခါ သူ့ကို ဆတ်ခနဲ မော့ကြည့်၍ ...

"ကိုယ်မမေ့ခဲ့ပါဘူးလို့ ပြောမလို့လား ... ကိုယ့်စိတ်က အမြဲတမ်းမင်းဆီ မှာပါလို့ ... "

"ကိုယ့် ... "

"ကိုယ့်မှာ အလုပ်က တစ်ဖက်နဲ့လို့လေ ... "

"အန်တီတို့ ဆုံးသွားတာတောင် ကိုယ်မသိလိုက်ပါဘူး ကာရံရာ ... စစ်ဆင်ရေး၏ တစ်ခုမှာ အဆိပ်ငွေ့ထိပြီး ကိုယ့်ခြေလက်တွေ ဆိုင်းကုန်တာ နှစ်နှစ်လောက် ကုခဲ့ရတယ် ... "

ကာရံ အံ့ဩသွားသည်။ ချစ်သူတွေမို့ တစ်ပြိုင်တည်း ကံခေကြတာလား ... သို့သော် ခဏပဲ ငေးကြည့်နေမိပြီး မျက်နှာ ပြန်လွှဲပစ်သည်။ သူမခံစား ချက်တွေ ဘာကြောင့် အေးစက်နေခဲ့သည် ဆိုတာ ပြောပြဖို့များ လိုသေးလို့ လား ...

"သားဆီကို ဖုန်းမဆက်စေချင်ဘူး မနှင်းပွင့်ရယ် ... ပြီးမယ်ဆိုရင်လည်း တစ်လက်စတည်း ပြီးသွားစေချင်တာ ... "

"သမီး ဒီလိုကြီး မပြတ်နိုင်မသားနိုင် ဖြစ်နေရင် သမီးကို တစ်သက်လုံး ထိုင်ကြည့်နေရမယ့် သားအတွက် ဘယ်လိုလုပ်မလဲဟင် ... အစတုန်းက အန်တီတို့က နားလည်ပေးဖို့ ကြိုးစားခဲ့ပါတယ်၊ ဒီကိစ္စဖြစ်နေတုန်းပဲ လက်ထပ်ပေးဖို့ စီစဉ်ခဲ့ကြတာလေ ... အဲဒါ သမီးတို့အဖြစ်ကို စာနာမိလို့ပါ၊ သမီးဆိုရင် သမီးရဲ့မျက်စိအောက်မှာ ဖြစ်သွားတာလေ ... ဒါကြောင့် စာနာ မိတယ်၊ ဒါပေမဲ့ အခု နားလည်လာတာက သမီးဘယ်လိုမှ ပြီးနိုင်မယ်မထင် ဘူး ... "

"သား အဲဒီမှာလားသမီး ... ခုချက်ချင်း ပြန်လာဖို့ ပြောလိုက်နော်၊ အန်တီ ခေါ်တယ်လို့ ... "

"သားကို လက်ထပ်ပေးတော့မှာ မို့လို့ ... "

စသဖြင့်သော ကိုကိုနဲ့သူမ ပြတ်တောက်သွားစေမယ့် အခြေအနေတွေဆီ ဒေါ်ယုဇနမွှေးက ရောက်အောင် ဆွဲယူသွားခဲ့သည်။ ဒါပေမဲ့ ထစ်ခနဲရှိတိုင်း ဖုန်းဆက်ခေါ်နေကျ ကာရံ့လက်က ဝမ်းနည်းနေတိုင်း ဖုန်းဆီရောက်တတ်ကာ ...

"ကိုကို့ကို လက်ထပ်ဖို့ မပြောပါဘူး ... ကာရံ့ဆီ ခဏလောက်ပဲ လာပေးလို့ မရဘူးလားဟင် ... "

"ကိုကိုက နယ်စပ်ရောက်နေတာ ချာတိတ် ... မနက်ဖြန်ညလောက်မှ မန္တလေး ရောက်မှာ ... "

ကိုကို့ဘက်က 'ခုလာခဲ့ပြီ'ဆိုသည့် စကားသံတွေ ဆိတ်သုဉ်းခဲ့သည်။

"ကိုကိုရယ် ... ကိုကို့ကို လက်ထပ်ဖို့ မဖြစ်နိုင်ရင်တောင် ကိုကိုက လက်ထပ်သွားပြီ ဆိုတာကြီး ကာရံ မကြားပါရစေနဲ့နော် ... "

သူမ တောင်းပန်ခဲ့သည်။ ငိုခဲ့မိသည်။ သတိရတိုင်း ကိုကို့ဆီ ပြေးသွားချင်စိတ်တွေ ကိုကိုရောက်လာတာကို မျှော်မိတဲ့စိတ်တွေက လူကိုပို၍ ရူးအောင်လုပ်နေသလိုပါ။ ဒါပေမဲ့ ကိုကို လက်ထပ်သွားခဲ့သည်။ ဖိတ်စာပါ ပို့လိုက်သေးတာမို့ ပန်းနုရောင် စာအုပ်လေးကို ခုချိန်ထိ မြင်ယောင်နေမိသေးသည်။ ခုကျတော့ လက်မထပ်ဖြစ်ဘူးတဲ့လား ... ကိုကိုနဲ့သူမ ပြတ်တောက်ပြီးဆုံးသွားခဲ့ကြသည့် ကာလတွေမှာ ဘယ်သူဘယ်လို အဖြစ်ဆိုးနေခဲ့သလဲ ဆိုတာလည်း မသိခဲ့ကြသလို ပြန်ဆုံကြဖို့ ဆိုတာလည်း ...

"ဘာကြောင့်ဖြစ်ဖြစ် ဇာတ်လမ်းက ပြီးသွားပါပြီ ... "

ကာရံ့စကားသံလေး ထွက်လာတော့ တိမ်တိုက်က ခေါင်းခါသည်။ သူမ ထွက်သွားမည်ပြင်တော့ ရှေ့ကပိတ်ထားမိကာ ...

"ကိုယ် ချာတိတ်ကို ပြန်ရအောင် ကြိုးစားမှာ ... "

ကာရံက နှုတ်ခမ်းတွန့်ရုံလေး မဲ့လိုက်ကာ ...

"လူတွေတစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်ဆိုတာ လိုလျှင်သုံး မဟုတ်ပေမဲ့ တကယ် လိုအပ်နေရင်တော့ တကယ် ရှိနေပေးစေချင်တာပဲ ကိုကို ... "

"ကာရံရာ ... အဲဒါကိုယ် ဘယ်လိုရှင်းပြရမလဲ၊ ကိုယ့်အလုပ်က အိမ်ထောင် ပြုဖို့တောင် ခဲယဉ်းခဲ့တာ မင်းသိပါတယ် ... ဒါပေမဲ့ မင်းကို ကိုယ်ချစ်လွန်းလို့ ... "

"ထားခဲ့တာ ... "

"အဲဒီလို ဖြစ်သွားတာ ကိုယ်ဝန်ခံပါတယ် ... ဒါပေမဲ့ ကိုယ်မင်းကို လက်လျှော့ခဲ့တာ မဟုတ်ဘူး၊ မင်းလက်မလျှော့ချင်တဲ့ ကိစ္စကြီးကြောင့် ခဏနောက်ဆုတ်ပေးခဲ့တာ ... ဒါပေမဲ့ နှစ်ဖက်စလုံး တင်းမာကုန်တယ်၊ ကိုယ်တို့ လက်ထပ်လို့ မရနိုင်သေးဘူးဆိုတာ မင်းအခြေအနေ ကြည့်ပြီး ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ခဲ့တာ ...

ဩော် ... မိဘဆန္ဒတောင် မဟုတ်ပြန်ဘူးတဲ့လား ...

"အားလုံး ရှုပ်ကုန်တာ ပြန်တွေးပြီး နားလည်ဖို့ ကြိုးစားရအောင်နော် ... ကိုယ့်အပေါ်မှာ မကျေနပ်တာကို တစ်ခုချင်းပြော ကိုယ်အားလုံး ဖြေရှင်းမယ်၊ ကိုယ်ဘာတွေဖြစ်ခဲ့သလဲ ဆိုတာပဲ..."

"ဖေဖေရှိတုန်းက အမြဲပြောတယ် ... ပြဿနာရှိလာရင် အဖြေကိုပဲ တောင်း၊ ဖြေရှင်းချက် မယူနဲ့တဲ့၊ ရေဘူးပေါက်တာ မလိုဘူး ရေပါဖို့လိုတာ

တဲ့ ... "

"ကျွတ် ... "

နောက်တစ်ခါ စုတ်သပ်တော့ ကိုကိုစိတ်မရှည် ဖြစ်လာတိုင်း ဒီလို စုတ်သပ်တာကို သတိရပြီး မဲ့လိုက်မိသည်။

"အဖြေက ကိုကို့ကို ကာရံ အရမ်းလိုအပ်နေတဲ့ အချိန်မှာ ကာရံ့ကို ကိုကို ထားခဲ့တယ် ... ဒါပါပဲ ... "

"အဖြေမှားသွားတိုင်း အားလုံးကျရှုံးသွားတာ မဟုတ်ဘူးနော် ကာရံ ... ကိုယ်တို့ချစ်ခဲ့တဲ့ အကြောင်းအရာ ကာလတွေမှာ ကိုယ်ရထားခဲ့တဲ့ အမှတ်တွေ ရှိသေးတယ်၊ ကိုယ့်အလုပ်နဲ့ ကိုယ့်အနေအထိုင်အပေါ် မင်းအမြဲတမ်း နားလည်ပေးခဲ့တယ် ... ကိုယ့်ဘက်ကလည်း ဒီနားလည်မှုလေးရရင် ပြီးရောမို့လို့ မင်းဘက်က ဘယ်လောက်ထိ ဖြစ်သွားသွား နားလည်နိုင်ခဲ့တယ်၊ ခုကျမှ ဘာဖြစ်လို့ အပြစ်တွေချည်း ဖြစ်နေတာလဲ ... "

"မချစ်တော့ဘူးလို့ပဲ မှတ်လိုက်ပါ ကိုကို ... "

"ကာရံ ... "

"လိုက်မလာနဲ့တော့ ကိုကို ... ကိုကို့ကို ကာရံစိတ်ဆိုးနေတာ မဟုတ်ဘူး၊ စိတ်နာသွားတာ ... ကိုကိုရော ကာရံရော လူလွတ်တွေပဲ ရှိသေးပေမဲ့ ကိုကို မျှော်လင့်နေလည်း အလကားပဲ ... "

ပြောပြီး ခြေလှမ်းပြင်သည်။ ပြီးတော့ ရှေ့မဆက်ဖြစ်သေးဘဲ မျက်နှာ အနည်းငယ် ငဲ့လိုက်ပြီး ...

"ကိုကိုက ကာရံ့ရင်ထဲမှာ ရှိခဲ့ဖူးတဲ့ မင်းသားတစ်ပါးပါ ... ခုချိန်မှာ ဗီလိန် တစ်ယောက်လို မဆက်ဆံချင်ဘူး၊ နောက်ထပ် ပတ်သက်ဖို့ မကြိုးစားပါနဲ့ ... "

ဒီလောက်တောင် ကိုယ့်ကို မုန်းသွားတာလား ... ။ တိမ်တိုက်မျက်နှာမှာ တိမ်ညိုမည်းတွေ ဖြန့်ကားသွားသည့်နှယ်။ နေရာမှာတင် ရပ်ကျန်နေခဲ့လျက် သူ့ပတ်ဝန်းကျင် ဆူးလေစေတီတော်၏ စောင်းတန်းခြေရင်း တစ်ခွင်မှာ မီးပုံကြီးတစ်ခု ချက်ချင်း ထဖြစ်လာလေသလား ... ။ ထိုအချိန် ပြုန်းခနဲ ပျံတက်သွားကြသော ခိုတစ်အုပ်ကို လှည့်ကြည့်လိုက်မိသည်။ ခိုတွေအားလုံးက အစာကျွေးမယ့် လူမရှိပေမဲ့ ထိုပတ်ဝန်းကျင် အထက်မှာပဲ သစ္စာကြီးစွာ ခိုနား စောင့်ဆိုင်းနေကြသည်။ သူ့ဘက်က လစ်ဟာခဲ့သော မှားကွက်တစ်ခုမှာ သူ့ချစ်သူကတော့ ...

*****

# အခန်း(၂)

"ကြက်မတွန်လို့ မိုးမလင်းလည်း အဲ့ကြက်မက မိုးလင်းလင်း မလင်းလင်း ဂရုမစိုက်တဲ့ ကြက်မပဲတီလေး ... ဘယ်သူက ဘယ်သူ့အတွက်မှ တာဝန်မရှိဘူးဆိုပေမဲ့ အချစ်အတွက် တာဝန်ရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒုက္ခတွေ့ပြီဆိုရင် ကိုယ်အရင်ဆုံး တမ်းတမိတာက ကိုယ်ချစ်တဲ့သူပဲ ... သူကလည်း ကိုယ့်ကို ချစ်နေတာမှန်ရင် တာဝန်ယူမှုဆိုတာ ရှိရမယ်၊ ကာရံ အရမ်းလိုအပ်နေတဲ့ အချိန်မှာ သူ ကာရံ့ကိုထားခဲ့တယ် ... မလိုလားတဲ့ စကားသံတွေကြားမှာ ကိုယ့်ချစ်သူကို အားကိုးဖို့ ရင်ခွင်မဲ့ခဲ့တယ်၊ လိုအပ်ခဲ့တာထက် သိက္ခာကျ အရှက်ရခဲ့တာ တီလေး ..."

အဲဒီအချိန်မှာ သူမ ကိုယ့်စိတ်ကိုလည်း မပြောင်းလဲနိုင်။ သွေးအေးရက်စက်သူ တစ်ယောက်၏ သွေးချောင်းစီးသော သတ်ဖြတ်မှုမှာ အပိုင်းပိုင်း ခုတ်ထစ်ခံနေရတာက ကိုယ့်အစ်မရင်း ဖြစ်နေခဲ့သည်။ ဒီစိတ်ဒီသောကတွေ ခေါ်သံတွေ ငိုသံတွေ သူမ ဘာကိုမှ ဖျောက်မရခဲ့။ ဘာမှ မတတ်နိုင်မှန်း သိရက်နဲ့ မမရဲ့အစိတ်အပိုင်းတွေကိုပဲ စွဲနေသည်။ ဒါဟုတ်သလား မဟုတ်ဘူးလားဆိုတာမှာ စိတ်က မပြတ်သားနိုင်။ အကယ်၍ မမကို မကျွတ်လွတ်အောင် ဒီလူတကယ် လုပ်ထားနိုင်တာမှန်လျှင် မမဘဝကူးဖို့ ဘယ်သူ့မှာ တာဝန်ရှိသလဲ ဘယ်သူ လုပ်ပေးနိုင်မလဲ ... ။ ဒါတွေကြောင့် ဆရာပြေးရှာမိသည်။ လူသည်စိတ်နဲ့ မကပ်နိုင်ဘဲ ငိုချင်လာတော့ ရင်ခွင်ရှာမိ၏။ ကိုကိုက ဒါကြောင့် ထားရစ်ခဲ့တာလား ဆိုလျှင် ဖြစ်နိုင်ပေမဲ့ ကိုယ်ကတော့ ခွင့်မလွှတ်ပါ ...

"သူ့ကို ကာရံ ဘယ်တော့မှ လက်မထပ်ဘူး ... သူလက်မခံဘူးဆိုပြီး ဖိတ်စာရိုက်တဲ့အထိ လုပ်ပြခဲ့တာကိုလည်း မမေ့နိုင်ဘူး ... "

"သူမချစ်နိုင်လို့သာ လက်ထပ်ပွဲ ပျက်ခဲ့တာပေါ့ ကာရံရယ် ... "

"သူအချိန်မီ မရောက်နိုင်လို့ ပျက်ခဲ့တာလည်း ဖြစ်နိုင်တာပဲ ... သူ့လောက် အလုပ်ရှုပ်တာ သူပဲရှိတာ ... "

"ဒါပေမဲ့ ဖြူဒုက္ခရောက်တဲ့ ညကတော့ ညည်းဆီကို အချိန်မီပြေးလာခဲ့တာပဲလေ ... သူ အလုပ်ရှုပ်တတ်တာ သိရင်လည်း ... "

"ဟင့်အင်း ... "

ကာရံကခေါင်းခါပြီး ဆိုဖာပေါ်က ထရပ်လိုက်သည်။ ဒေါ်သိင်္ဂီမြင့်က လည်း ကာရံ သောက်လက်စ အအေးဖန်ခွက်လေး ကိုင်ပြီး ထရပ်လိုက်ကာ ...

"အင့် ... အေးတုန်းသောက်လိုက် ... "

ကာရံက အအေးကို ကုန်အောင်သောက်လိုက်ပြီး ဖန်ခွက်ကို ကိုင်ထား လျက်နှင့် ...

"ကာရံ မနက်ဖြန် ဆရာတစ်ယောက်နဲ့ သွားတွေ့မလို့ ... "

"ဗိန္ဓောဆရာလား ... "

"အောက်လမ်းဆရာပါ ... သူကတော်တော် တော်တယ်လို့ ပြောတယ် ... "

"တော်လည်း ညည်းအဲဒါတွေ တော်ပါတော့ ကာရံရယ် ... လူဖြစ်လို့ဗိန္ နော ဆရာနဲ့ပြလိုက်၊ မကျွတ်လွတ်တဲ့ သူကိုကယ်ဖို့ အောက်လမ်းဆရာနဲ့ တွေ့လိုက် ... ဒီတိုင်းဆက်လုပ်နေရင်တော့ ... "

"စီးပွားရေးကျသွားလည်း ငတ်လို့မသေပါဘူး တီလေးရယ် ... ကာရံတို့မှာ ထုခွဲစရာတွေ အများကြီးပါ ... "

"ခက်ပါ့အေ ... "

"မကျွတ်မလွတ်တဲ့ သူမှာသာ သူ့မှာ မပြောနိုင်မဆိုနိုင်နဲ့ ... အကူအညီကို မျှော်နေရှာမှာ ... "

"ဖြူက ... "

"တီလေးရယ် ... ဘာတွေပြောဦးမလို့လဲ၊ မမအတွက် ကာရံ စိတ်အေးပါရစေ ... ဒီထိကြိုးစားလာပြီးမှ ဆရာကောင်းတွေ့မှ ရပ်လိုက်ရမလား၊ အဲဒီဆရာကြီးက သေသူရဲ့ ပစ္စည်းတောင်မှ ဝိညာဉ်ကပ်နေတဲ့ ပစ္စည်းဆိုရင် သူတွေ့အောင်ရှာ နိုင်တယ်တဲ့ ... ခုလို ကိုယ်ခန္ဓာ အစိတ်အပိုင်းဆိုရင် ... "

"အရင်တစ်ယောက်တုန်း ကလည်း သူမတွေ့တိုင်း ဘာမှမရှိပါဘူးဆိုပြီး ပြန်သွားတာလေ ... ညည်း အဲဒီဆရာတွေကို ယုံကြည်နေရင်လည်း မရှိဘူးဆိုတာကို ယုံလိုက်ပါလား ... "

"ဆရာတိုင်းတော့ ကောင်းချင်မှကောင်းမှာပေါ့ ... "

ဒေါ်သိဂီမြင့် စိတ်ညစ်သည့် မျက်နှာကြီးနှင့် အိမ်နောက်ဖေး ဝင်သွားသည်။ ပြီးတော့ ဂေါ်ဖီပန်းပွင့်ကြီးနှင့် ဓားတွေ ဇကာတွေကိုင်ပြီး ပြန်ထွက်လာသည်။ အိမ်မှာ ကာရံရှိနေတုန်းမို့ သူမရှိနေသည့် နေရာမှာ စကားလိုက်ပြောရသည်။ မဟုတ်ရင် သူမကတော့ ကိုယ်ရှိတဲ့နေရာကို ဘယ်တော့မှ ရောက်လာမှာမဟုတ် ...

"ဒီတစ်ခါထပ်ပြီး သူများခြံထဲကို ... "

"မမပိုင်တဲ့ခြံပါ ... "

"အေး ... အဲဒါကြောင့် ကုပ်ချောင်းချောင်း ဝင်ပြီး ဆရာရော လူနာရော ဒဏ်ရာတွေ ကျော်မကောင်း ကြားမကောင်း ဖြစ်ခဲ့ရ ... "

နောက်ဖေး သွပ်မိုးဆောင် ပြုတ်ကျလို့ ခြေထောက်တွေ ဒဏ်ထိခဲ့ရတာ

ကံကောင်းလို့။ ဆရာက လွတ်လွတ်ကင်းကင်းမို့ ဒဏ်ရာမရပေမဲ့ သူမခံလိုက်ရတာ နှစ်ချီကြာခဲ့သည်။

"ကာရံ ... "

"ဟုတ် ... "

"ထိုင်စမ်းပါသမီးရယ် ... တီလေးပြောတာကို နည်းနည်းပါးပါး ခေါင်းထဲထည့်စမ်းပါ၊ နွေမွှန်းတည့်က ထောင်ကျခဲ့ပေမဲ့ ခုဆို လွတ်ငြိမ်းချမ်းသာခွင့်တွေနဲ့ လိမ့်ပါသွားလို့ ဘယ်ချောင်ကနေ ဓားကိုင်ပြီး ချောင်းနေမလဲ မသိဘူး ... "

"မကြောက်ပါဘူး ... သူ့ကိုသာ တွေ့လိုက်ရင် ပြီးပြီ ... "

"ဘာ ... "

"သူလုပ်တာ သူ့ထက် ဘယ်သူပိုသိမှာလဲ ... "

"ကာရံ ... ညည်း ညည်းဘာများ ဒီထက် ဆိုးဆိုးရွားရွား ဖြစ်ချင်သေးလို့လဲဟင်၊ ဒီပြဿနာကို သေးနုပ်တယ်လို့ ငါမပြောပါဘူး ... ဒါပေမဲ့ ပြီးတာကို ပြီးပါစေတော့၊ ငါတို့မှာ ကျန်းမာရေးတွေ ဟိုအရေး ဒီအရေးတွေနဲ့ ရှိတာလည်းကုန်ပြီ ... ခုထိလည်း ဘာအလုပ်မှ မည်မည်ရရ မလုပ်နိုင်သေးဘူး ... "

"မမကိစ္စပြီးရင် ကာရံအလုပ်လုပ်မှာပါ ... ကမ်းနားလမ်းက ပွဲရုံလေးကို ပြန်ထူထောင်မယ်၊ သေးနုပ်ပေမဲ့ ကိုယ့်နယ်ပယ်နဲ့ ဆိုရင် မကြာခင်စည်ကားလာမှာပါ ... "

မကြာခင်ကာလက ဘယ်တော့လဲ ...။ စည်ကားဖို့ဆိုတာ မဆိုထားနှင့်။ အလုပ် မလုပ်ရသေးခင် အချိန်တွေ ဘယ်လောက် ကုန်သွားဦးမလဲ ...။ ရှိတာတွေ ဘယ်လောက် ပါသွားဦးမှာလဲ ... ။ လူရော တစ်ခုခု ဖြစ်သွားနိုင်မ

လား … ရှေ့ရေးဆိုတာ မနက်ဖြန် ဘာဖြစ်သွားနိုင်သလဲ လို့တောင် မတွေး ဝံ့တဲ့ဘဝ …

"ငါကြားထားသေးတယ် သိလား … အဲဒါ သေချာတယ်နော် … "

"ဟင် … ဘာလဲ … "

ဆိုဖာမှာ ပြန်ထိုင်လိုက်ရင်း စိတ်ဝင်တစား မေးမှ ဒေါ်သိင်္ဂီမြင့်က အညှာ လှီးပြီး ကိုင်ထားသည့် ပန်းပွင့်ကို ဆန်ခါထဲပြန်ချထားလိုက်ကာ …

"နွေမွန်းတည့်က တော်တော်ချမ်းသာနေပြီတဲ့ … "

ကာရံငြိမ်သွားသည်။ အကြမ်းဖက်သည့် ကိစ္စတွေမှာတောင် နောက်မတွ န့်ခဲ့တာ။ သူဒီလိုဘဝမျိုး ရသွားခဲ့ပြီဆိုရင် လူတွေကို ဘယ်လို သဘောထား မလဲ …

"ဟုတ်လို့လားတီလေး … သူ့မှာ ဘာအရင်းအနှီးမှ မရှိဘဲနဲ့၊ ဘာလုပ်ငန်း လုပ်နိုင်လို့လဲ … "

"အဲဒါတော့ ဘယ်သိမလဲအေ … ဖြတ်လမ်းက ချမ်းသာချင်ရင် နည်းလမ်း တွေ ရှိတာပဲ၊ သူ့လို ထောင်ထွက်က ကောင်းတာလုပ်ပြီး ချမ်းသာနေတာ ဖြစ်နိုင်ပါ့မလား … ငါစိုးရိမ်တာက စိတ္တဇသမား တစ်ယောက်က တစ်ခုခု ကို စွဲလမ်းနေရင် မပျောက်တတ်ဘူး၊ သူဒီအိမ်ကို တစ်ခေါက်တော့ ပြန်လာ ဦးမှာပဲ … ဒါမှမဟုတ်ရင် လာပြီးသွားတာလား၊ အိမ်ကိုစွဲလမ်းလို့ လာကြည့် ရုံဆို အကြောင်းမဟုတ်ဘူး … ညည်းတို့ငါတို့ မိသားစုတွေ အပေါ် စိတ်နာ နေတာ ဆိုရင် … အမလေး ပြောရင်းနဲ့ ကြက်သီးတောင်ထတယ် … "

စိတ္တဇသမားများ ဘယ်လောက်တောင် ဒါမှဒါလဲဆိုတာ ကိုယ့် အသက်အရွယ် အတွေ့အကြုံအရ အများကြီးကြုံခဲ့ဖူးသည်။ ဒီမိန်းကလေး ကြောက်ရမှန်းလည်းမသိ။ ဒါမှမဟုတ် သူမ ကိုယ်တိုင်မှာများ စိတ္တဇ

ဝေဒနာ စွဲကပ်နေတာလား ...

အတွေးဝင်လာသည်နှင့် ပြူးကျယ်သွားသည့် မျက်လုံးက ကာရံ့မျက်နှာ ဆီတန်းခနဲ ...

ဘုရား ... ဘုရား ငါ့တူမလေးမှာများ စိတ်ဝေဒနာ ဖြစ်နေတာလား ...

မဟုတ်ပါစေနဲ့ ...

*****

## အခန်း(၃)

"ဆိတ်တစ်ကောင်လုံးရဲ့ သွေးလိုတယ် ... "

"ရှင် ... "

"မင်းကို ဆိတ်သတ်ရမယ်လို့ ပြောတာမဟုတ်ဘူး ... ဆိတ်သတ်တဲ့ရုံမှာ သွေးရအောင် ဝယ်ခဲ့၊ အစီအရင်လုပ်မယ့်နေ့ မရောက်ခင် တစ်ရက်ကြို ပြောမယ်"

"ဟုတ်ကဲ့ ... "

ဆရာကြီးသည် မေးရှည်ကာ ပါးရိုးတွေထောင်၏။ မျက်လုံးတွေ မှေးစင်းနေလျက် တည်ငြိမ်သည့်ပုံစံအရ ဒီဘက်မှာ ကျွမ်းကျင်ပိုင်နိုင်ပုံလည်း ပေါက်၏။ အစိတ်အပိုင်းတွေကို တူးဖော်နိုင်လောက်ပါရဲ့ ...

"မင်းသွားရင် ညဥ့်သန်းခေါင် မတိုင်ခင် သွားရမယ် ... သန်းခေါင်ကျော်လို့ မရသလို စောစောလုပ်လို့လည်း မရဘူး ... "

"ဆရာကြီး သူက ... "

သူငယ်ချင်းက ပြောပေးဖို့ပြင်ပေမဲ့ ဆရာကြီးက လက်ကာ၍ ...

"မင်းတို့ နားမလည်တဲ့ ပြဿနာတွေကို အစဆွဲမထုတ်နဲ့ ... ကျုပ်ကို ယုံကြည်လို့ လာကြတာဆိုရင် ခိုင်းသလိုလုပ်မှဖြစ်မယ်၊ ဒီကိစ္စမျိုးကို လုပ်ဖို့ ဆုံးဖြတ်ပြီးရင်လည်း မကြောက်တတ်ဖို့ လိုတယ် ... နောက်ပြီး မင်းတို့ ဆံပင်တွေကို လုံးဝဖြန့် မထားရဘူး၊ အလုပ်လုပ်လို့ မပြီးမချင်း စကားတစ်ခွန်းမှ မပြောရဘူး ... အထူးသဖြင့် ဝိညာဉ်ရဲ့ နာမည်ကို မခေါ်ရဘူး ... "

"ဟုတ်ကဲ့ပါ ... "

ဖောက်ဖျက်လို့ မရဘူးဆိုတော့လည်း ခေါင်းညိတ်လိုက်ရသည်။ ဆရာကို ပူဇော်ခကပဲ နှစ်သိန်း။ သူပေးသည့် အစီအရင်ကို အသုံးပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ ဒါကိုလုပ်ဖို့ ဆရာက လက်ခံလိုက်ပြီဆိုတာနဲ့ နှစ်သိန်းကချခင်းထား ရသည်။ ကာရံပိုက်ဆံကို မနှမြောပါ။ ဆရာကြီးရဲ့ တည်ငြိမ်မှုအရ ဒီတစ်ခါဖြစ် ပြီလို့လည်းထင်သည်။ သို့သော် သူမအတိအကျ လုပ်နိုင်ပါ့မလား ... အတိမ်းအစောင်း ဖြစ်သွားခဲ့ရင် နောက်ထပ်တစ်ခါ ကြိုးစားဖို့ဆိုတာ မဖြစ်နိုင်တော့ပေ။ ဆရာကြီးက ကရင်တိုင်းရင်းသားနဲ့ တူကာ ရန်ကုန်မှာနေတာလည်း ဟုတ်ဟန်မတူ။ ဒါပေမဲ့ ဘယ်မှာနေလဲလည်း မမေးရဲပါ။ ဆရာကြီးပြန်မှာ ဖြစ်သောကြောင့် ကိုယ့်လိုအပ်ချက်အတွက် ကူကယ်ရာမဲ့ရမှာမို့ မလုပ်ရခင်တည်းက တွေးပူနေမိတာ ဖြစ်သည်။

"နောက်တစ်ခု ပြောချင်တာက အကြောင်း အမျိုးမျိုးကြောင့် သူ့ကိုမြင်ရရင် ငါ့အစ်မ ဆိုတဲ့စိတ်နဲ့ မကြည့်ပါနဲ့ ... နှစ်တွေကြာပြီဆိုတော့ ပါဝါတွေလည်း ကြီးနေနိုင်တယ်၊ သူ့စိတ်ကလည်း ကြမ်းတမ်းနေလိမ့်မယ် ... တချို့ဝိညာဉ်တွေက ကျွတ်လွတ်ချင်ကြတယ်၊ တချို့ကျတော့ သူတို့ရတဲ့နေရာမှာ ပျော်နေတတ်တယ် ... သူတို့နေရာကို ဖျက်ဆီးမယ်ဆိုရင် သူတို့က ရန်ပြုမှာပဲ၊ ရန်ပြုဖို့အတွက် လူကို အရင်ပြုစားတတ်တယ် ... အဲဒါက အသနားခံစည်းရုံးတာမျိုးပဲ၊ ဒါကြောင့် မင်းတို့ သဘောထားရမှာက ပိတ်မိနေတဲ့ ဝိညာဉ်တစ်ခု လွတ်မြောက်အောင် ကူညီတာ ... ငါ့အစ်မ ညီမကို လာတွေ့တာ မဟုတ်ဘူး၊ နားလည်ရဲ့လား ... "

"ဟုတ်ကဲ့ ... "

ဆရာကြီးဆီက ပြန်လာတော့ သူငယ်ချင်းက မျက်နှာမကောင်းပေ။ တကယ်တော့ ဆရာကြီးက အတူတူလို့ထင်ပေမဲ့ သူမတို့က နှစ်ယောက်

အတူ လုပ်ကြမှာမဟုတ်ပေ။ ဆရာရှာနေသည့် ကာရံ့ကို သူသူက ဆရာ့ဆီ လမ်းပြပေး တာသာဖြစ်ကာ ...

"နင်တစ်ယောက်တည်းတော့ မလုပ်နဲ့နော်ကာရံ ... ဟိုတစ်ခါ ဆရာနဲ့နှစ်ယောက် ဝင်တာတောင် အဲဒီသွပ်မိုးကြီး ပြိုကျတာ သမားရိုးကျ မဖြစ်နိုင်ဘူးလို့ ပြောနေကြတာ ... ဆရာကြီး ပြောသလိုဆို မမဖြူက နင့်ကိုသိတောင် မသိတော့ဘူးထင်တယ်၊ တွေးရင်းနဲ့ ငါစိတ်ပူလာပြီ ... "

"ပူမနေပါနဲ့ဟာ ... ငါလည်း တစ်ယောက်တည်း မသွားရဲပါဘူး ... "

ပြောနေရပေမဲ့ ဘယ်သူက ဒီအချိန်ကြီး ထလိုက်ရဲမှာလဲ ...။ သူမရော ဖြစ်ပါ့မလား ... ဆရာနဲ့အတူ အစီအရင်ကို လုပ်ရမှာပေမဲ့ ဆရာကအိမ်ကနေပဲ လုပ်ပေးနေမှာ ဖြစ်ကာ မြှုပ်ထားသည့် နေရာကို အတိအကျ ပေါ်အောင် လုပ်ရမှာက သူမသာ ဖြစ်သည်။ နေရာပေါ်လာပါက ဆိတ်သွေးနဲ့ ထိုနေရာကို စည်းဝိုင်းပြီး ပိတ်ထားခဲ့ရမှာဖြစ်ကာ မနက်နေမထွက်ခင် အစီအရင်ပစ္စည်းတွေကို ပြန်သိမ်းရမည်ဖြစ်သည်။ သူမတစ်ယောက်တည်း ဘယ်လိုလုပ်ရမလဲ ...။ ဖုန်းကိုသတိရပြီး ဒီလိုအကူအညီမျိုးအတွက် အဆင်သင့်ရှိနေနိုင်သည့် မိတ်ဆွေတစ်ယောက်ကို ခေါ်မိလျှင် ...

"လူမိုက်လုပ်ဖို့ဆို တော်သေးတယ်ညီမရယ် ... ပြီးတော့ မြင်မြင်ထင်ထင်လည်း မဟုတ်ဘူး၊ သူများခြံဝင်းထဲ ... "

"ကျွန်မတို့ခြံပါရင် ... အချိန်မရွေး ဝင်ထွက်လို့ရပါတယ် ... "

"သိပါတယ် ... ဒါပေမဲ့ ညီမတို့က သက်ဆိုင်သူပဲလေ၊ နွေမွှန်းတည့်ပြန်ရောက်လာရင် လင်မယား လက်ထက်ပွားပစ္စည်းက တစ်ယောက်မရှိတော့ရင် တစ်ယောက်ကပိုင်တယ် ... မိဘဆွေမျိုး ဘာမှပြောလို့မရဘူး ... "

သိတော့သိတာပေ့ါ ... ဒါပေမဲ့ နွေမွှန်းတည့် သူ့ဟာသူ နားလည်သည်။ ဒါ

ကြောင့် မလာရဲတာ ... ဒီလိုမဟုတ်ရင်လည်း သူချမ်းသာနေပြီပဲ ... သူလူမဆန်စွာ လုပ်ရက်ခဲ့သည့် မမဖြူပိုင် ပစ္စည်းတွေအပေါ် တပ်မက်နေသေးတယ် ဆိုရင်တော့ ယှဉ်လာရင်ပြိုင်ကြရုံအပြင် မရှိ။ ကိုယ်ကလည်း အိမ်ကိုမက်လို့ မဟုတ်တာကြောင့် လုပ်စရာရှိတာ လုပ်နိုင်ဖို့ ဘယ်လိုပုံစံနဲ့ပဲ ရင်ဆိုင်ရပါစေ ...

"မနက်ဖြန်တစ်ရက် အချိန်ရပါသေးတယ် အစ်မရယ် ... ကာရံ ပိုက်ဆံပိုပေးပါ့မယ်၊ မကြောက်တတ်တဲ့သူ တစ်ယောက်လောက် ရှာပေးပါနော် ... "

ကာရံဖုန်းပြောနေတော့ သူသူက နားလေးကပ်ထောင်ပြီး စိတ်ပူနေသည်။ ဟိုဘက်က အဆင်မပြေနိုင်တာတွေ ပြောနေတော့ သူမလည်း မျက်နှာမကောင်း ရှာဘဲ ...

"မစုလွင်မို့လား ... ပြောရအောင်ပြော၊ သူက ဘယ်အလုပ်ဖြစ်ဖြစ် ပွဲခရရင် အကုန်လုပ်တာ ... "

စုလွင်ဆိုတာ နာမည်ကြီး လမ်းရိုးမှာ သွားလျှောက်သွားနေတဲ့ မိန်းမဆိုပြီး အထင်မသေးလိုက်နဲ့။ သူမရဲ့ခြေလှမ်းတိုင်းက ငွေမှငွေ။ အလုပ်မရှိတဲ့လူကို အလုပ်လေး ပြောပေးရတာတောင် တစ်နေ့မှ ခြောက်ထောင်လောက်ရတဲ့ နေ့စားအလုပ်ဖြစ်ပါစေ "ငါပြောပေးတာမို့လို့ နှစ်ထောင်ဖြတ်တယ်" ဆိုတာမျိုး ...

"အေးလေ ... ငါရှာကြည့်လိုက်ပါ့မယ်၊ ရရင်တောင် သူကလည်း တောင်းမှာပဲ ... အစ်မကလည်း လျှော့မှာမဟုတ်ဘူး ... "

"ဟုတ်ကဲ့ပါ ... ကာရံ့ကို အစအဆုံး ကူညီပေးနိုင်တဲ့သူဖြစ်ဖို့ပဲ လိုတာပါ ... "

"အေးပါ ... ငါကလည်း အလုပ်ပြီးမှ အကျေယူမှာပါ ... "

အခြေအနေသည် အဆင်ပြေသွားသကဲ့သို့ ရှိသော်ငြား တီလေးမသိအောင် ထွက်ဖို့ဆိုတာ မဖြစ်နိုင်။ တီလေး ခွင့်ပြုပါ့မလား ...

*****

## အခန်း(၄)

မြို့သစ်မို့ အဆောက်အဦးတွေက ကျဲသည်။ တချို့ မြေကွက်တွေဆို အဆောက်အဦ မရှိဘဲ မြက်ရိုင်းရှည်ကြီးတွေ တန့်နွဲ့နွဲ့နှင့် နေ့ဘက်ဆို လှ တောင်လှလိမ့်ဦးမည် ဖြစ်ပေမဲ့ ညဘက်ကျတော့ ကျောချမ်းဖွယ်။ ထို့ပြင် လိုက်လာသည့်လူက အသက်လေးဆယ်လောက် ရှိသည့် ယောကျ်ားတစ်ဦး ဖြစ်ကာ သရဲမကြောက်အောင်ဆိုပြီး အရက်က သောက်လာသေးသည်။ ဒါ ကို ကိုယ့်ရှေ့ရောက်လာမှ သိတော့ ဘာမှမတတ်နိုင် ...

"အု ... ဝူး ... "

"ပလုတ်တုတ် ... "

"ဦးလူလု လက်ထဲကချိုင့် လွတ်ကျဦးမယ်နော် ... "

"ဟုတ်ကဲ့ပါ ... ဟွန်း မြို့ထဲမြို့ဖီကြီးတောင်မှ အူလိုက်တဲ့ခွေးတွေ ... "

လမ်းမီးတိုင်တွေက အားနည်းသလောက် အလှမ်းကွာသည်။ ပျက်တဲ့ မီးတိုင်က ပျက်နေ၏။ ကွန်ကရစ်လမ်းကလေးတွေက ကားနှစ်စီးရှောင်သာ လောက် အောင်ကျယ်သော်လည်း ဦးလူလုကတော့ ခွေးအူလိုက်တိုင်း ကာ ရံ့ဘေးကိုကပ်၏။ စိတ်တိုပြီး လှည့်ကြည့်လိုက်မှ ရယ်သွေးသွမ်းပြီး နည်း နည်းပြန်ခွာရင်း ...

"နောက်က တရှပ်ရှပ်ကြားတော့ ခွေးရောက်လာတယ်မှတ်လို့ပါ ... ကျုပ် က ခွေးတော့ ကြောက်တယ် ... "

"ဦးလူလု စကားပြောနေတာကိုဖြတ်ပါ ... ရှေ့မှာ အိမ်ကိုလှမ်းမြင်နေရပြီ၊

ခြံထဲဝင်ရင် စကားလုံးဝ ပြောလို့မရဘူး ... "

"ဟုတ်ကဲ့ပါ ... မပြောပါဘူး ... "

သစ်ရွက်ခြောက်တွေ ကွန်ဂရစ်လမ်းပေါ် လေဟုန်စီးတော့ ရှပ်တိုက်ပြေးလိုက်လာသလို အသံမျိုး ထွက်နေသည်။ ကိုင်းပင်တွေဘေးက အဖြတ်မှာ တရှပ်ရှပ် မြည်သံက ကြက်သီးထဖွယ် ဖြစ်ပေမဲ့ ကာရံ ကိုယ့်ကိစ္စပဲလို့ နှလုံးသွင်း၍ ဘုရားစာတွေ ဆိုနေမိ၏။

ငါ့မှာ ရတနာသုံးပါးဂုဏ် ရှိတယ် ... ငါ့နားကို မကောင်းဆိုးဝါး ကပ်လို့မရဘူး၊ ငါ့ကိုမြင်အောင် မပြနိုင်ဘူး ... ငါမကြောက်ဘူး ...

စိတ်ကိုခိုင်မာစေ၍ အသက်တဝ ရှုသွင်းထားသည်။ မမတို့အိမ်ကို လှမ်းမြင်လိုက်ရတော့ ရင်ခုန်သံတွေ မြန်လာ၏။ ကိုယ်ပိုင်တာပဲလို့ တွေးထားခဲ့ပေမဲ့ အိမ်ထဲကိုတော့ နောက်ထပ် မဝင်ဖြစ်ခဲ့ပါ။ ခြေထောက်တွေ ဒဏ်ရာဖြစ်သွားခဲ့တာကို ကြောက်လို့ မဟုတ်ပေမဲ့ ဒီအိမ်ထဲမှာ အဖြစ်အပျက်တစ်ခုခု ဖြစ်သွားတိုင်း မမကို သရဲဖြစ်နေသည် ပြောနေကြတာကို မကြားချင်။ ထို့ကြောင့် မမကို ဒီစည်းဝိုင်း အချုပ်အနှောင်ထဲက လွတ်ဖို့သာ ဆုံးဖြတ်ချက်တွေ ဖြစ်နေခဲ့၏။

"အု ... ဝူး ဝူး အူး ... "

"အဟမ်း ... ဟမ်း ... "

ချွေးအူတိုင်း ဦးလူလှထံမှ အသံတစ်ခုခု ထွက်လာတတ်သဖြင့် ကာရံ ခြေစုံရပ်ပြီး လှည့်ကြည့်လိုက်သည်။

"ဟင် ... ဘာဖြစ်လို့လဲ ... "

"ဦးလူလှ ကြောက်နေတာလား ... "

"မ ... မကြောက်ပါဘူး ... "

"ကာရံ့ကို အစအဆုံး မကူညီနိုင်ဘဲနဲ့ ... ဦးလူလှ ပိုက်ဆံရမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ... သိပါတယ် ... "

ဦးလူလှသည် လမ်းထဲမှာ အရက်ချိုး။ မိသားစုမရှိ ဆွေမျိုးမရှိဘဲ နေ့ ထင်သလိုနေကာ ညဘက် ဘုန်းကြီးကျောင်းမှာ ဝင်အိပ်နေတဲ့သူ ...

"အရက်သမားပေမဲ့ ဒီလိုလူတွေပဲ သရဲဖမ်းဖို့လိုက်မှာလေ ... ကိုယ့်ကိစ္စပြီးဖို့ပဲ အာရုံထားပါညီမရယ်၊ ဒီလူကြီးက အရက်သောက်ပေမဲ့ လူရိုးသဘောကောင်းကြီးပါ ... "တဲ့။ အခြေအနေ သိပ်မကောင်းဘူး ဆိုတာ တွေးမိလာပေမဲ့ ဘာမှမတတ်နိုင်တာမို့ ဘုရားတပြီးတော့သာ ရှေ့ဆက်ရတော့မှာ ဖြစ်သည်။ ထိုစဉ် ကားတစ်စီး မောင်းဝင်လာပြီး အနားကျမှ ဟွန်းကပ်တီးသွားသည်။ မှောင်မိုက်သည့် နေရာမှာ ကားမီးရောင်က ဝင်းထိန်သွားလျှင် ...

"ဟီး ဟီး ... အဲကားဒီနားမှာ အကြာကြီး မီးဖွင့်ပြီး ရပ်နေရင်ကောင်းမှာ ... "

ဦးလူလှ ဖြစ်ပျက်နေတာတွေကို ကာရံ စိတ်ပျက်လာမိတော့သည်။ ဒီတိုင်းဆို အဆင်ပြေပါ့မလား ... ။ အမှောင်ကိုတောင် ဒီလောက် ကြောက်နေတာ ခွေးအူတာနဲ့တင် "ပလုတ်တုတ်" ထယောင်တာ၊ ဒီလူကြီး တစ်ခုခု ချွတ်ချော် တိမ်းစောင်းလိုက်တာနှင့် အစီအစဉ် တစ်ခုလုံးသွားပြီ ...

"ဦးလူလှ ... "

"ဟင် ... "

"ဟိုရှေ့မှာ ... အဖြူရောင် အုတ်တိုင်နှစ်တိုင် တွေ့လား ... "

"ဟေ ... အေး အေးတွေ့ပြီ၊ အလယ်က သံပန်းတံခါးလား ... "

ကာရံက ခြေလှမ်းရပ်လိုက်ပြီး သတိပေးဖို့အတွက် တခမ်းတနား အစချီ

ကာ ...

"ဟုတ်တယ် ... အဲဒါခြံဝင်းတံခါးပဲ၊ ဒါပေမဲ့ ဘေးဘက်တွေမှာ ပျက်စီးနေပြီ ... ကျွန်မတို့က အဲဒီအပျက်အစီးတွေ ကြားထဲက ဝင်မှာ ... "

"ကျုပ်တို့ သူခိုးဖမ်းတော့ မခံရပါဘူးနော် ... "

သူခိုးဖမ်းရင်လည်း ဒါကိုယ့်အိမ်ပါ။ ဖမ်းရဲမယ့်လူလည်း ရှိမည်မထင်ပေ။ ဒီလိုလူသတ်မှုကြီး ဖြစ်ပြီးသည့် နောက်မှာ လရိပ်ဖြူကို တွေ့သည်ဆိုသည့် စကားသံတွေလည်း ပျံ့လွင့်လာသည့်နောက် ညနေစောင်းတာနှင့် အဖော်မပါဘဲ ခြံရှေ့က ဘယ်သူမှ ဖြတ်မလျှောက်ရဲသလို ဒီခြံကြီးထဲက ဘာသံကြားကြား ခေါင်းထောင် ကြည့်ဝံ့တဲ့သူလည်း မရှိ ...

"တခြားဘာမှပူမနေဘဲ အရေးကြီးတာကို သတိထားပါ ... စကားလုံးဝ မပြောပါနဲ့၊ လက်ထဲက ချိုင့်ကို ခိုင်ခိုင်ကိုင်ပြီး ကိုယ်သုံးဖို့နေရာမဟုတ်ဘဲ နည်းနည်းလေးမှ မဖိတ်ပါစေနဲ့ ... "

ခွေးတွေဟောင်နေသံကို အဝေးကြီးက ကြားနေရသည်။ ညက တိတ်ဆိတ်နေ၏။ ခုနက ကားဖြတ်သွားခဲ့သဖြင့် ကျန်ရစ်ခဲ့သည့် တိတ်ဆိတ်ခြင်းက ပို၍ အကျည်းတန်နေသည်လား မဆိုနိုင်။ ခြံရှေ့ရောက်တော့ ရင်ခုန်သံတွေ တဒိန်းဒိန်း ထမြည်လာသည်။ လက်ဖျားတွေပါ အေးလာ၏။ ဟိုတစ်ခါ ဝင်ခဲ့တာက ဆရာ ကိုယ်တိုင်ပါသည်။ ကိုယ်က ကြောက်နေပေမဲ့ ဆရာက မကြောက်။ ဒဏ်ရာ ဒဏ်ချက်တွေဖြစ်ခဲ့တာတောင် ဘယ်လောက် ကြောက်ပါသည် ဆိုတာ မှတ်မှတ်ရရ ဘာမှမရှိခဲ့။ ခုတော့ ဦးဆောင်နေရတာကကိုယ် အဖော်ပါသည့်လူက ကြောက်ဒူးတုန်နေပြီလား ဘာလား ... ။ တစ်လမ်းလုံး စကားပြောလာခဲ့သမျှ တိတ်ကျနေတာ ကိုယ့်စကား နားထောင်တာမှ ဟုတ်ရဲ့လား ... ။ ခြံဝင်း ပျက်စီးနေသည့် အုတ်တံခါးပေါင်းဘက်ကို ကာရံ ကွေ့ဝင်သွားခဲ့သည်။ ရင်ခုန်သံတွေပို၍ ကြမ်း

လာခဲ့သမျှ ဝိညာဉ်ကိုမြင်နိုင်သည့် ဆေးရည်နဲ့ မျက်လုံးကိုကွင်းဖို့ လက်က မရောက်ဘဲ ဖြစ်နေမိသည်။

"ဒါကိုကွင်းလိုက်ရင် သူတို့ကို မင်းမြင်ရမယ် ... ရှင်းရှင်းလင်းလင်း ဟုတ်ချင်မှ ဟုတ်လိမ့်မယ်၊ ဒါပေမဲ့ ရှင်းရှင်းမြင်ရရင်တောင် မျက်လုံးချင်း မဆုံမိစေနဲ့ ... မမြင်သလိုနေ၊ မင်းကြောက်နေတာ သူတို့သိသွားရင် မင်းဘက်က စည်းကို ပေါက်သွားအောင် သူတို့အလွယ်လေး လုပ်နိုင်သွားမယ် ... "

ဆရာကြီး မှာလိုက်တာကိုပဲ အထပ်ထပ် ပြန်တွေးနေမိကာ အပေါ်ထပ် အင်္ကျီအိတ်ထဲက ဆေးရည်ဘူးကို အင်္ကျီနဲ့ရော၍ ဖိဆုပ်ထားလျက် ထုတ်လည်းမယူ လွှတ်လည်းမလွှတ်မိ ...

"မင်း သူတို့ကို မြင်ဖို့လိုတယ် ... မင်းအစ်မ တကယ် ပိတ်မိနေတာလား၊ ဘယ်လို အခြေအနေနဲ့လဲ ဆိုတာ မင်းပြန်ပြောမှ ကျုပ်က ခွဲခြားနိုင်မှာ ... ကျုပ်လုပ်ပေးရမယ့်အပိုင်း အားလုံးပြီးအောင် ကျုပ်လုပ်ပေးမှာ၊ ဒါပေမဲ့ မင်းတို့လုပ်ရမယ့် အပိုင်းမှာ ကျိုးပေါက်သွားခဲ့ရင်တော့ ကျုပ်က အစီအရင်ကို နှစ်ခါပြန်မလုပ်ဘူး"တဲ့ ...

မကြောက်နဲ့ ကာရံ ... နင်လုပ်မှဖြစ်မှာ ...

စိတ်တင်း၍ ဘူးကို ထုတ်လိုက်လျှင် လက်က တုန်ယင်နေ၏။ ဦးလူလှက လည်း သူမနဲ့ ကျောချင်းကပ်လျက် ဟိုကြည့်ဒီကြည့် ... ခြံဝင်းထဲ ရောက်နေခဲ့ပေမဲ့ လေတိုက်လို့ သစ်ပင်တွေ ယိမ်းနွဲ့နေတာပဲ ရှိသည်။ တခြား အရိပ်အယောင်ဆိုလို့ ချွတ်ချွတ်သံတောင် မကြားရပေ ...

ငါ့အစ်မကိုပဲ မြင်ရပါစေ ... တခြား ထိတ်လန့်စရာ မမြင်ရပါစေနဲ့ ...

စိတ်ကို တုံးတုံးချပြီး ဆေးရည်ကို ကွင်းလိုက်သည်။ မျက်လုံးမှိတ်ပြီးကွင်းလိုက်ပေမဲ့ ပြန်ဖွင့်ကြည့်ဖို့ကျမှ ရင်ထဲမှာ ဒိန်းဒိုင်းဆူညံနေ၏။ လေက

ဟူးဟူးရားရား တိုက်ခတ်လာသည်။ သစ်ရွက်တွေကြွေတာလား ... ခြောက် လှန့်လာကြတာ လားမသိ။ မြေပြင်မှာ တရှပ်ရှပ် ခြေသံတွေ ကြားလာရ၏။ မကြောက်နဲ့ ... ကြောက်ရင် ပိုဆိုးကုန်လိမ့်မယ် ... ။ ကိုယ့်ကိုယ်ကိုယ် အားပေး၍ စိတ်ကိုတင်းလိုက်သည်။ ပြီးတော့ မျက်လုံးတွေကို ဖွင့်လိုက် မိ၏။ မှောင်လှသည် ထင်ခဲ့သော ပတ်ဝန်းကျင်သည် မျက်လုံးမှိတ်ပြီး ပြန်ဖွင့်ကြည့်ကာမှ ကြယ်ရောင်လရောင်ကဲ့သို့ မှုန်ဝါးဝါး အလင်းရောင်လေးဖြင့် ...

"ဟင် ... "

"ဟင် ... ဘာလဲ ... "

သူမလည်း အသံထွက်သွားသည်။ ဦးလူလှကလည်း ချက်ချင်းမေးသည်။ သို့သော် တစ်ယောက် ကြည့်နေသည့်အရာကို တစ်ယောက်ကလည်း ကြည့် လိုက်မိရာ အခန်းတစ်ခန်းက မီးလင်းနေသည်။ ထိုအခန်းကို ဦးလူလှမသိ ပေမဲ့ မမရဲ့အိပ်ခန်းဆိုတာ ကာရံကသိနေ၏။ ပြီးတော့ အိပ်ခန်းနှင့်ကပ် လျက် ဝရန်တာမှာ တရဲရဲနဲ့ဘာလဲ ... ။ ဆေးလိပ်ဖွာနေတာလား ... မီးလုံး လင်းနေတာလား ...

"မကြည့်နဲ့ ... "

အသံတိတ် ပြောရမှာပေမဲ့ ပြောလိုက်မိပြန်၏။ ပြီးမှ သတိရကာ ဦးလူ လှကို တံတောင်ဆစ်နဲ့ တိုက်၍ သတိပေးပြီး ကိုယ်အရင် ကျောခိုင်း ရပ် ပစ်လိုက်၏။ ဦးလူလှလည်း ဒီဘက် လှည့်လာသည်။ သို့သော် ကာရံ့ဘေး မှာ ပူးကပ်ရပ်နေကာ ...

"ငါတို့ကို ခြောက်နေပြီ ... "

ဟု အသံတိုးတိုးနှင့် ပြော၏။ ထိုစဉ် အဝေးဆီမှာ ခွေးအူသံတွေ ကြားနေ

ရကာ တဖြည်းဖြည်း ခွေးတွေပဲလေနဲ့ ပါလာသလိုလို အသံတွေကနီး လာ၏။ စကားမပြောရ ဆိုသည့် တားမြစ်ချက်က ဘာကြောင့်လဲ ... အခု ပြောမိပြီဆိုတော့ ဘာဖြစ်လာမှာလဲ ... ။ ကြောက်စိတ်က ဝင်လာသည်။ ဘာရယ်မဟုတ်ဘဲ ငါ့အစ်မကတော့ ငါ့ကို မခြောက်လောက်ပါဘူး ဆိုသည့် ကလေးအတွေးလေး ဝင်လာပြန်ကာ ဆရာပေးလိုက်သည့် သရဲဖမ်းစက် လေးကို ဖွင့်ဖို့ လက်က တုန်နေသေးသည်။ မြင်ကွင်းထဲမှာ ဘာမှမမြင်တာ နှင့် စက်ကိုဖွင့်လိုက်ဖို့မှာသည့်အတိုင်း ...

"တီ တီ တီ ... တီ ... "

ဟင် ...

သူမတစ်ကိုယ်လုံး တုန်သွားသည်။

"အနားမှာ မကောင်းဆိုးဝါး ရှိနေတာနဲ့ စက်က ထမြည်လိမ့်မယ် ... မ မြည်တဲ့နေရာမှာ မရှိဘူး ... ရှိနေတဲ့နေရာမှာ မြည်တယ်" တဲ့ ... ။ ဒီနားမှာ ရှိနေပြီ။ ထိုအခါ ဆရာပေးလိုက်သည့် ခဲတလုံးလေး တစ်လုံးကို မြည်သ ည့်နေရာမှာ ချထားလိုက်၏။ ဖြူနောက်နောက် အနုမြူရောင်လိုလို မှောင်ရိပ်လင်းနေသည့် ခဲတလုံးလေးသုံးလုံးကို ဆုပ်ကိုင်ထားရင်း နေရာ ရွှေ့လိုက်သည်။ ဘယ်ကိုရွှေ့ရွှေ့ စက်က အသံပဲမြည်နေ၏။ ခဲတလုံးကို ဘယ်မှာချရမှန်း မသိတော့ဘဲ နောက်ဆုံး တစ်လုံးကို ဆုပ်ကိုင်ထားရင်း ဘေးဘီကိုလှည့်ပတ် ကြည့်လိုက်မိလျှင် ကိုယ့်ဘေးမှာရိပ်ခနဲ သဏ္ဍာန်တစ် ခု ဖြတ်သွားကာ မျက်နှာမှာအေး စိမ့်သွား၏။

"အ ... "

အမှတ်တမဲ့ မျက်နှာလွှဲ ရှောင်လိုက်မိကာ ခြေတစ်လှမ်းပါ ယိုင်သွားခဲ့ လျှင် ...

"ဟ ... ဟ ... "

"ဒုန်း ... "

သွားပြီ ဆိုတာသိလိုက်သည်။ ဦးလူလှနဲ့ ခြေထောက်ချင်း တိုက်မိပြီး နှစ်ယောက်စလုံး ယိမ်းယိုင်သွားကာ ဦးလူလှလက်ထဲက သွေးပုံး ပြုတ်ကျသွား၏။ အလင်းရောင် မပီပြင်ပေမဲ့ ညှီနံ့တွေ ထောင်းထောင်းထသွားကာ မြေပြင်မှာ သွေးတွေအိုင်ထွန်းသွားခဲ့၏။ ရုတ်တရက်ကြီး ထဖြစ်သွားသဖြင့် နှစ်ယောက်စလုံး ငေးကြောင်သွားကြကာ ပုံးကိုလည်း ပြန်ကောက်ဖို့ သတိမရ။ ဘာဆက်လုပ်ရမယ် ဆိုတာလည်း ခေါင်းထဲမရောက်။ လေက ဟူးဟူးရားရား တိုက်လာသည်။ မျက်လုံးထဲမှာ မည်းမည်း အရိပ်တစ်ရိပ်ကို သေချာမြင်လိုက်ရ၏။ "မကြည့်လိုက်နဲ့" ဆိုသည့် သတိပေးသံကို မေ့သွားကာ ထိုအရိပ်သည် မမလားဆိုသည့် စိတ်ဇောကြောင့် သေချာ ကြည့်လိုက်မိသည်။ ဦးလူလှမြင်တာကျတော့ အရိပ်မဟုတ်ဘဲ ...

"ဟာ ... ခွေးကြီးတွေ နည်းတာမဟုတ်ဘူး ... "

သူသည် နောက်ဆုတ်ပြီး ပြေးဖို့ချိန်ရင်း ကာရံ့လက်ကိုဆွဲ၍ ...

"မှောက်ကုန်ပြီ ... မရတော့ဘူး၊ လာ ... "

မေးရိုက်သံကြီးနှင့် လက်ဆွဲခေါ်နေရင်း ...

"ဟဲ့ ... ဟဲ့ ခွေး ... "

ဦးလူလှအော်နေရင်း ခလုတ်တိုက်ကာ လဲကျသွား၏။ သို့သော် ပြန်ထ မလာတော့ဘဲ ...

"အား ... "

အရိပ်သည် မျက်နှာဆီ ခေါင်းတိုးဝင်လာသည်ဟု ရိပ်ခနဲ မြင်လိုက်ရသည့်ခဏ ကာရံ အလန့်တကြား လှည့်ရှောင်လိုက်မိလျှင် ...

"ဘာတွေ လာဖြစ်နေကြတာလဲ ... "

ရင်ဘတ်တစ်ခုမှာ မျက်နှာနဲ့ အပ်မိလျက်သား ဖြစ်သွားခဲ့သည်။ အရှိန်က မသေးသောကြောင့် မျက်နှာသည် နောက်ပြန်ကန်ထွက်ကာ လူက ယိမ်းယိုင်သွားလျှင် လက်မောင်းတစ်ဖက်ကို ဖမ်းဆုပ်ကိုင်ခြင်း ခံလိုက်ရပြီး ...

"နှင်းကာရံ ... "

ဒါ ... နွေမွှန်းတည့် ...

အမုန်းတရားသည် ခါးခါးသီး ထဖြစ်လာ၏။ လက်ကို ပြန်ဆောင့်ရုန်းလိုက်ပေမဲ့ ...

"ဒီမှာ ငါ့ကိုကြည့်စမ်း ... "

"မကြည့်ဘူး ... မကောင်းဆိုးဝါးတွေကို မကြည့်မိစေနဲ့လို့ ဆရာက မှာထားတယ်၊ လူယုတ်မာ ... "

"ဟုတ်တယ် ... မကောင်းဆိုးဝါးရှေ့ကို မင်းရောက်လာတာ၊ ကံဆိုးမိုးမှောင် ကျပြီလို့ မှတ်လိုက် ... "

"ဟင့်အင်း ... လွှတ် လွှတ်နော်၊ လူယုတ်မာကြီး ... "

ရုန်းကန်အော်ဟစ်ရင်း သူဆွဲခေါ်တဲ့အတိုင်း ပါသွားခဲ့သည်။

"ဂျိမ်း ... "

အိမ်မကြီးတံခါးကို သူက လက်ပြန်ပိတ်၍ လော့ခ်ပါချပစ်သည်။ ပြီးတော့ လှေခါးတစ်လျှောက် ကာရံဘယ်လိုပုံစံ ပါလာရသည်ကို လုံးဝဂရုမစိုက်ဘဲ ဒရွတ်တိုက်သလို ဆွဲခေါ်သွားခဲ့ပြီး ...

"ဒုန်း ... "

အခန်းတံခါး တစ်ချပ်ကို ဒေါသတကြီး ဆွဲဖွင့်ပစ်လိုက်ကာ ...

"အဲဒီမှာ မင်းအစ်မရှိတယ် ... နေကြည့်လိုက် ... "

"အား ..."

ကာရံ အခန်းထောင့်တစ်ခုမှာ အထွေးလိုက် ပုံကျသွားခဲ့၏။ ဒါမမကို တစ်စစီဖြစ်အောင် ခုတ်ထစ် ဖျက်ဆီးပစ်ခဲ့တဲ့ အခန်း ... ။ သူမနေရာမှ လူးလဲထရပ်လိုက်မိသည်။ သူတံခါးပြန်ပိတ်ဖို့ လှည့်ထွက်သွားခြင်းကို အမိအရ ပြေးဆွဲသော်လည်း ...

"ဂျိမ်း ... "

"နွေမွှန်းတည့် ... "

"ဘုန်း ... ဒုန်း ... "

အခန်းကို ဝေ့ပတ်ကြည့်၍ တံခါးကို ထုနက်ခေါ်မိသည်။

"နွေမွှန်းတည့် ... ရှင်မယုတ်မာနဲ့နော် ... "

တံခါးကိုထုနေရင်းနဲ့ပဲ အပြင်ကနေ သော့ခတ်ပစ်လိုက်သည့် အသံကို ကြားလိုက်ရ၏။ ကာရံအားကိုးမဲ့သလို ဖြစ်သွားကာ ဖျတ်ခနဲ နောက်လှည့်ရင်း တံခါးမှာ ကျောကပ်မှီလိုက်သည်။ အခန်းတစ်ခုလုံးမှာ စာအုပ်ဗီရိုကြီးနှင့် တစ်ထွာနီးပါး ဟနေသော ရေခဲသေတ္တာကြီး တစ်လုံးပဲ ရှိသည်။ ဒီရေခဲသေတ္တာ ...

စိုက်ကြည့်လိုက်ရင်း သတိရသွားတော့ ကြက်သီးတွေ ဖြန်းခနဲ ထသွားတာ ဆံပင်တွေပါ ထောင်သွားသလားမသိ။ မမရဲ့ အစိတ်အပိုင်းတွေ စုထည့်ထားခဲ့သည့် ရေခဲသေတ္တာ။ ထိုညက အခြောက်ခံခဲ့ရသည့် အဖြစ်ကို သူမဘယ်တော့မှ မမေ့ခဲ့ပေ။ မမကို ကယ်တင်ဖို့ ကြိုးစားနေပေမဲ့ ကိုယ်သည်လည်း မိန်းမသား ဖြစ်သည်မို့ ဒူးတုန်အောင် ကြောက်ပါသည်။ တစ်ကိုယ်လုံး တုန်ယင်ကာ လက်သီးနှစ်ဖက်ကို ဖိဆုပ်လိုက်ရင်း တံခါးကိုပြန်လှည့်

ထုမိသည်။ ပြီးတော့ ပြတင်းတံခါးဆီ ပြေး၏။ မှန်ပြတင်းကနေ သူမမြင်လိုက်ရတာက ခြံထဲမှာ ဓာတ်မီး ရောင်တဝင်းဝင်းနှင့် နွေမွန်းတည့် ...

ဒီအိမ်ကြီးထဲမှာ သူမ တစ်ယောက်တည်းပါလား ... ပြတင်းတံခါးကို ဖွင့်ဖို့ ကြိုးစားနေရင်း ခွေးအူသံတွေက အခန်းထဲထိ တိုးဝင်လာ၏။ ထိုစဉ် တံခါးကို မရမက တွန်းဖွင့်လိုက်ကာ သံပန်းတစ်ထပ် ကျန်နေသေးသော်လည်း ...

"နွေမွန်းတည့် ... "

သူမ အားစိုက်ခေါ်လိုက်နိုင်ပေမဲ့ နောက်ထပ် အသံ မထွက်နိုင်တော့ခြင်းသည် တစ်စုံတစ်ရာက ဖမ်းစားလိုက်သည့်နှယ်။ မျက်ရည်တွေ ကျလာသည်။ ရှိုက်သံမထွက်ဘဲ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည့် မျက်ရည်တွေကို သုတ်မိကာမှ သူမ မျက်လုံးမှာ ဆေးကွင်းထားတာကို သတိရ၏။ သို့သော် ...

"ဟင်း ... "

နောက်က သက်ပြင်းချသံ ... ။ ကြားလိုက်တာနှင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ ထိုအခါ ဟနေသည့် ရေခဲသေတ္တာ အဖုံးကြားကနေ မမှိတ်မသုန် ကြည့်နေသော မျက်လုံးအစုံသည် ...

"အား ... "

မျက်လုံးစုံမှိတ် အော်နေမိလျက် ...

"ကျွီ ... အိ အိ ... "

ရေခဲသေတ္တာအဖုံး ဖွင့်နေသည့် အသံကြားလိုက်ရလျှင် ...

ကာရံ လဲကျ မေ့မြောသွားလေသည်။

*****

## အခန်း(၅)

"ဒုန်း ဒုန်း ... "

စီးကရက်သောက်နေရင်း မေးခနဲပျော်သွားသဖြင့် တံခါးထုသံက ကိုယ့်ခေါင်းကို ထုလိုက်သလိုပင်။ ဆိုဖာမှာ မှီနေရာကနေ လက်ကြားထဲက စီးကရက်ကို ငုံ့ကြည့်မိလျှင် စက္ကန့်ပိုင်းအတွင်း လက်ကိုအပူထိတော့မှာ သေချာနေ၏။

"ဒုန်း ဒုန်း ... "

တံခါးထုနေခြင်းသည် ကိုယ်နဲ့မသက်ဆိုင်သလို စီးကရက်ကို နှုတ်ခမ်းမှာ တပ်လိုက်သေးသည်။ ပြီးတော့ မီးတရဲရဲ လွင့်သွားအောင် ရှိုက်ဖွာရင်း ရှေ့တည့်တည့်မှာ အပုံလိုက်လေး ရှိနေသည့် ကာရံ့ကို စူးစိုက်ကြည့်၏။

"ဟော့ ... နွေမွှန်းတည့် နွေမွှန်းတည့် ... "

"ဒုန်း ဒုန်း ... "

အထဲမှာ ရှိနေတာ မသေချာပေမဲ့ အပေါ်ခန်းမှာ မီးလင်းနေသည်။ ခြံအပြင်ထောင့် တစ်ဖက်မှာ အနက်ရောင် ကားတစ်စီးလည်း ရှိနေသည်။ ခြံထဲမှာလည်း သွေးကွက်တွေနဲ့ ချိုင့်တွေပလုံးတွေ ပြန့်ကျဲနေ၏။ မနက်အရဏ်တက် မှုန်ပျပျ အလင်းရောင်အောက်မှာ ဒေါ်သိဂီမြင့် အားလုံးကို သေချာလိုက်ကြည့်ပြီးမှ ဒီထိရောက်အောင် ဝင်လာခဲ့တာ ဖြစ်သည်။ ညက ဆယ့်တစ်နာရီထိုးတဲ့ အထိ အဝတ်တွေရုပ်ဖို့ ပြောလိုက်သေးသည်။ သူမ ဘယ်အချိန် ထွက်သွားတာလဲ ... ဘာလုပ်ဖို့လဲ ဆိုတာ မသိလိုက်ပေမဲ့

မနက် အရဏ်ဆွမ်းကပ်ဖို့ သူမ လာမနှိုးတည်းက စိတ်က ထင့်ပြီးသား။ ထင်သည့်အတိုင်း ချက်ချင်း အိပ်ရာထကာ ထသွားကြည့်တော့ သူမ ည တည်းက အိပ်ထားတဲ့ပုံ လုံးဝမရှိဘဲ ဖက်လုံးကို စောင်ခြုံပေးထားခဲ့သည်။ သူမကြောင့် ခက်ပါသည်။ ဒီအစ်မတစ်ယောက်အတွက် ဘဝပျက်ခဲ့ပြီးပြီ။ မိသားစုဘဝကြီးပါ ပြိုကွဲခဲ့ရသည်။ သေတဲ့သူက သူ့အကြောင်း သူကံအဖို့ ရာ ပါလာတယ်ပဲမှတ် ပြီးဖြေပါဆိုတာ ဘယ်လို ဖျောင်းဖျလို့မှမရ ...

"ဒုန်း ... "

"နွေမွှန်းတည့် ... အထဲမှာ မင်းရှိတာ ငါသိပါတယ်၊ တံခါးဖွင့်စမ်းပါ ... "

"ဒုန်း ဒုန်း ဒုန်း ... "

လေးချက်မြောက် ဆက်တိုက်ထုချလိုက်သည့် လက်က လေဟာနယ် ဖြစ်သွားမှရပ်၏။ တံခါး ပွင့်သွားသည်နောက်မှာ နွေမွှန်းတည့်ကို မြင်လိုက်ရတာ မယုံနိုင်။ အဖြူစက်လေးတွေပါသည့် အနက်ရောင်လက်ရှည်နှင့် ဘောင်းဘီရှည် အနက်ကို ဝတ်ထားသည်။ ထောင်ထွက် အရှုံးပုံစံနှင့် ပေါ်လာလေမလားလို့ ထင်ထားခဲ့သမျှ မင်းသားရှုံးအောင် ချောမောနေသည့် ပုံစံက ရုတ်တရက်လူကို ဆွံ့အစေလျက် ...

"မင်းက ... "

နွေမွှန်းတည့်လားလို့ မေးမိမတတ် အံ့သြခြင်းသည် ဖြူဝင်းသည့် မျက်နှာ ပါးသိုင်းမွေးရာ စိမ်းစိမ်းနှင့် ရှင်းသန့်နေသော ပုံစံကြောင့် ဒီသတ္တဝါ ချမ်းသာနေသည်ဆိုတာ တကယ်လား ... ဒါဆိုလည်း ဂန်းစတား ရုပ်ပေါက်မနေသည့် အဖြစ်ကို အံ့သြမိဦးမှာပင်။ ထိုစဉ် ...

"ဟဲ့ ဟဲ့ ... "

အစီခံထိလုဖြစ်နေသည့် စီးကရက်ကို ပစ်ချလိုက်တာ ကိုယ့်ထဘီပေါ် ပစ်

ပေါက်လိုက်တဲ့ အတိုင်း။ ဒေါ်သိင်္ဂီမြင့်လန့်ဖျပ် ဆုတ်လိုက်ပြီးမှ စိတ်တိုသွားကာ ...

"မင်းမိုက်ရိုင်းလှချေလား ... ငါ့တူမကို ဘာလုပ်ထားသလဲ ... "

"အခန်းထဲ ဆွဲထည့်ထားတယ် ... "

"ဘာ ... "

နွေမွှန်းတည့်က မျက်ခုံးခပ်တွန့်တွန့်နှင့် ပြန်စိုက်ကြည့်ကာ ...

"ကျုပ်ခြံထဲကို ညသန်းခေါင် ခိုးချောင် ခိုးဝှက်ဝင်လာတာ ဘာလုပ်စေချင်လို့လဲ ... "

"ဒါ ငါတို့နဲ့လည်း သက်ဆိုင်တဲ့ နေရာပါ ... "

"မပိုင်ဘူးဆိုတာ သိတယ်မို့လား ... "

"အို ... ဒါတော့မင်း ... "

"တီလေး ... "

ခေါ်သံလေးကြောင့် စကားရှေ့မဆက်နိုင်။ အထဲကို လှမ်းကြည့်လိုက်မိစဉ် ဆံပင်တွေ ဖားလျား ပြန့်ဝဲလျက် ပြေးထွက်လာသည့် ကာရံက နွေမွှန်းတည့်နောက် ကိုရောက်နေပြီဖြစ်ကာ ...

"တီလေး ... "

"ကာရံ ... သမီး ... "

အထိတ်တလန့် ပြူးပျာနေသည့် မျက်နှာလေးကို မြင်သည်နှင့် ဒေါ်သိင်္ဂီမြင့်လည်း စိုးရိမ်တကြီး ဖြစ်သွားကာ ရှေ့ကိုတိုးလိုက်မိ၏။ သို့သော် နွေမွှန်းတည့်က နောက်လှည့်မကြည့်ဘဲ ကာရံ သူ့ရှေ့ရောက်မှ ခါးကနေ သိမ်းဖက်ထားလိုက်တာ ဘာကိုမှ ဂရုမစိုက်သည့် မျက်နှာနှင့် ...

"ကြည့်စမ်း ... ငါ့တူမကို ဆွဲဖက်ထားလိုက်တာ ... "

"ဟား ဟား ဟား ဟား ... "

နွေမွန်းတည့်က ရယ်ကာ ကာရံ ရုန်းကန်နေလို့ မရအောင် ဆွဲချုပ်ပစ်လိုက်ပြီး ...

"ခင်ဗျားတူမ ကျုပ်နဲ့ တစ်ညလုံး ရှိနေတာ ဖက်ထားတာလောက်ကို ဘာလို့ မျက်လုံးပြူးနေတာလဲ ... "

"ဘုရား ဘုရား ... "

ကိုယ့်တူမရဲ့ ဖရိုဖရဲပုံစံကို သတိထားမိကာ ဒေါ်သိင်္ဂီမြင့် မျက်လုံးတွေ တောင် ပြာသွားခဲ့သည်။

"မင်း ငါ့တူမကို ဖမ်းချုပ်ထားတယ် ဟုတ်လား ... လွှတ်စမ်း၊ ခုလွှတ်လိုက်စမ်း နွေမွန်းတည့် ... "

"သူ့အစ်မရှိမှန်းသိလို့ သူ့ဟာသူ လာတာ မဟုတ်ဘူးလား ... မေးကြည့်ပါဦး ... "

"အဲဒါတွေ မင်းဘာမှ ... "

ဒေါ်သိင်္ဂီမြင့် စကားသံရပ်သွားသည်။ အတင်း တွန်းထိုးရုန်းနေသည့် ကာရံ့ လှုပ်ရှားမှုတွေက နွေမွန်းတည့် စကားနောက်မှာ အားလုံး ရပ်တန့်သွားခဲ့သည်။ ပြီးတော့ သူမခေါင်းထက်မှာ ရှိနေသည့် နွေမွန်းတည့် မျက်နှာကို နောက်ပြန်မော့ကြည့် ဖို့ကြိုးစားရင်း ...

"ရှင် ... မမကို၊ ဟုတ်တယ် တီလေး ... သူ သူ မမကိုဖမ်းချုပ်ထားတာ၊ မမကို ကာရံတွေ့ခဲ့တယ် ... "

ဘုရား ...

"ရှင့်ကို တောင်းပန်ပါတယ် ... မမကို ပြန်လွှတ်ပေးပါ ... "

"ဟွန့် ... အစက မင်းငါ့ရှေ့ရောက်အောင် လာပါလား၊ ဘာဖြစ်လို့ခြံထဲကို ထင်သလို ဝင်ထွက်ပြီး ဟိုတူး ဒီဆွလုပ်နေတာလဲ ... "

"မင်းရှေ့လာရအောင် မင်းကထောင်ထွက်ပဲ ... သူခိုးဂျပိုးဖြစ်နေသလား၊ ဓားပြ ဂိုဏ်းခေါင်းဆောင်ကြီး ဖြစ်နေသလား ဘယ်သူသိမှာလဲ ... "

ပြောလိုက်ရတာ အားရလိုက်သည့်ဖြစ်ခြင်း ...

"ခုလို မြို့ထဲမှာ သွားလာနေပုံထောက်ရင် အဲ့လိုတော့ ဟုတ်ပုံမရသေးဘူး ထင်တယ် ... "

"ဟွန်း ... "

စကားလုံး ထိုးနှက်ချက်က သူ့အတွက် ဘာမှ မထိရောက်သလို မဲ့ပြုံးပြုံးပုံက အေးစက်စက်။ ပြီးတော့ ကာရံ့ကိုယ်လေးကို ဒေါ်သိဂီမြင့်ဆီ ရောက်အောင် တွန်းပို့ ပေးလိုက်ပြီး ...

"ကျုပ်ဘာကောင်ဖြစ်ဖြစ် ခင်ဗျားစိတ်ဝင်စားဖို့ မလိုဘူး ... ခင်ဗျားနဲ့လည်း ပြောဖို့မရှိဘူး၊ ဒီမှာ ... မင်းသိအောင် ပြောလိုက်မယ် ... "

နွေမွန်းတည့်က တူဝရီး နှစ်ယောက်စလုံးကို တစ်ဆက်တည်း လက်ညှိုးညွှန်၍ ...

"နောက်ထပ် မင်းငါ့ခြံထဲကို ခိုးချောင်ခိုးဝှက်ဝင်ရင် မင်းအစ်မထက် အဖြစ် ဆိုးသွားမယ် ဆိုတာ မယုံရင် စမ်းကြည့်လိုက် ... "

"ဒါပေမဲ့ ... ရှင်က ... "

"ဂျိမ်း ... "

"အား ... "

ကိုယ့်ကို မထိပေမဲ့ တံခါးအရှိန်ကြောင့် လန့်ဖျပ် နောက်ဆုတ်လိုက်မိကာ ကာရံတို့ တိုးတိုက်ခိုက်မိကုန်ကြ၏။ ထိုအခါ ခြေထောက်သည် အနာကျင်

ဆုံး ဖြစ်သည်မို့ ညာဘက် ခြေသန်းထောင့်လေးမှာ သွေးထွက်နေပြီ ...

"ဘာဖြစ်သွားတာလဲ ... "

"ရပါတယ် ... "

"ရလား ... "

တူမကို စိတ်အေးရပေမဲ့ မိုးလင်းနေပြီဖြစ်သည့် ပတ်ဝန်းကျင်ကို ဒေါ်သိင်္ဂီ မြင့် လှည့်ပတ်ကြည့်မိသည်။ ဝင်လာတုန်းကလည်း ဝေလီဝေလင်းမို့ အလင်းရောင်က ရှိနေပြီဖြစ်ကာ ပြန်ထွက်တော့ မိုးစင်စင်လင်းနေပြီ။ ဝင်လာတော့ တစ်ယောက်တည်း ပြန်ထွက်တော့ နှစ်ယောက်။ တစ်ယောက်ယောက်များ ကိုယ်ဝင် တာထွက်တာကို ထိုင်စောင့်ကြည့်နေခဲ့လျှင် ဒါမှမဟုတ် ပတ်ဝန်းကျင်က လူတွေ အတော်များများကများ စောင့်ကြည့်နေကြသည် ဆိုလျှင် ...

"တို့ဘယ်လိုလုပ်ကြမလဲဟင် ... ညက ညည်းတို့ ဘာတွေဖြစ်ခဲ့ကြသလဲ"

"ရှင် ... "

"ဪ ... ဒီခြံထဲမှာ ပြောတာပါ ... "

ဟုတ်သည်။ အိမ်ထဲမှာဖြစ်တဲ့ အဓိကရုဏ်းက နောက်မှ ရှင်းလို့ရသည်။ ခြံထဲမှာ ဆွဲလားရုန်းလား အော်လား ဟစ်လားတွေ ဖြစ်ပျက်ပြီးမှ အိမ်ထဲရောက်သွားတာဆို ပတ်ဝန်းကျင်က မုချသိနေမှာပင်။ ဒီလိုသာဆို ယောကျ်ားတစ်ယောက်နဲ့ တစ်ညလုံး ရှိနေခဲ့သည့် ဒီမိန်းကလေးကို လူတွေ ဘာပြောကြမလဲ ...။ ပိတ်သွားပြီ ဖြစ်သည့် တံခါးရှေ့မှာပဲ ကာရံ့ကို တံခါးနား ထပ်ဆွဲကပ်စေပြီး လေသံကိုနှိမ့်၍ ...

"ခြံထဲမှာ ညည်းတို့ အော်ကြီးဟစ်ကျယ်တွေ ပြောဆိုရုန်းကန်ပြီးမှ အထဲ ပါသွားတာလားလို့ ... "

"အဲဒါ ... "

ကာရံမျက်ခုံးတန်းတို့ တွန့်ကုတ်သွားသည်။ ပြီးတော့ မျက်တောင်တို့ ပုတ်ခတ် စဉ်းစားနေရင်း ...

"မသိတော့ဘူး ... "

"ဟင် ... ဘာ ... "

သချော နားစိုက်ထားကာမှ အဖြေက မသိတော့ဘူး ဆိုတော့ ...

*****

အခန်း(၆)

"ဟဲ့ ... အိပ်လေ ... "

"အိပ်မှာပါ ... "

ဒေါ်သိင်္ဂီမြင့် စိတ်လည်းညစ်လာပြီ။ စိုးရိမ်စိတ်တွေလည်း ပိုကဲလာ၏။ ဟို ခြံထဲက ပြန်ခေါ်လာပြီးမှ ညညဆို လုံးဝမအိပ်တာ နှစ်ညရှိပြီ။ မနက် အရုဏ်ဆွမ်း ထချက်ပြီး ဆွမ်းတော်ကပ်ဖို့ သူမဆင်းလာကာမှ ဘုရားခန်း ရှေ့မှာ စောင်လေး ခါးပေါ်တင်ပြီး ငုတ်တုတ်ငိုက်သည်။ သွားအိပ်ပါဆို တော့ မအိပ်ဘူးမပြော။ မျက်ဝန်းတို့သည် မလုံမခြုံ ဟိုဒီဝေ့ကြည့်တက်လာ တာ သတိထားမိပေမဲ့ ကြောက်လို့လားဆိုတော့လည်း ခေါင်းခါ၏။ သူမပုံစံ လေးကိုက ခါတိုင်းထက် ပိုပြီးလေးလံ အေးစက်သွားခဲ့တာ ဖြစ်ကာ တစ်ခါတလေ နီးနီးလေးရှိနေပြီး ခေါ်လို့မထူး စကားလည်းမပြောဘဲ တစ်ခုခု ပြောတော့မလို လူကို ငေးနေတတ်ကာ ပြောဆိုဖြစ်သွားတော့ လည်း အခြေအနေ ဆိုးနေတာမျိုးမဟုတ် ...

"အေး ... သူသူလားသမီး၊ အန်တီပါ ... "

သူမအိပ်ပျော်နေတုန်း သူသူ့ဆီဖုန်းဆက်၍ အကျိုးအကြောင်း ပြောပြမိ လျှင် သူမလေး ဘာတွေဖြစ်ခဲ့သည်ဆိုတာ မသိရသေးပေမဲ့ ခြံထဲကို ဘာ သွားလုပ်သည့် အဖြစ်ကိုတော့ သိလိုက်ရကာ ...

"မိုက်လိုက်တာ သူသူရယ် ... သမီးတို့ ဒီကိစ္စကြီးလုပ်တာ သူ့ရှေ့မှာ မျိုသိပ်ထား သယောင်ဆောင်ပြီး အန်တီ့ကို တစ်ဖက်ကနေ အသိပေး

ထားသင့်တာပေါ့ကွယ် ... "

"အန်တီက ခွင့်ပြုမှာမှမဟုတ်တာ ... အဲ့လိုဖြစ်သွားရင် ကာရံက သမီးကို အထင်လွဲမှာ၊ နောက်ပြီး သူတခြားနည်းနဲ့ ကြိုးစားဦးမှာပဲ ... အဲဒီဟာကျ သမီးကိုပေး သိမှာ မဟုတ်တော့ဘူးလေ ... "

ခုလည်း သိသာသိတာ သွားတော့ရော လိုက်သွားခဲ့လို့လား ...

ဒေါ်သက ထောင်းခနဲဖြစ်၏။ တော်တော်အားကိုးရတဲ့ အပေါင်းအသင်း တွေပါလား ... ဒါလုပ်ရင် ဘာဖြစ်လာမလဲဆိုတာ ပုဆိုးခြုံထဲ ပြေးဝင်ပြီး နာစွင့်နေတာ သူငယ်ချင်းကောင်းလား ... ဒါပေမဲ့ ဖြစ်ပြီးကာမှ အမုန်းမ ပွားချင်တော့ပါ။ ကိုယ်က အန္တရာယ်ကိုမြင်လို့ တားဆီးနေပေမဲ့ သူတို့ ကတော့ ညီအစ်မဆိုတဲ့ သံယောဇဉ်နဲ့ကိုး။ ကိုယ့်ဘာသာတရားနဲ့ ဖြေနေရ ရင်း ...

"သူ သမီးဆီကို ဖုန်းခေါ်သေးလားဟင် ... ဒီတစ်ရက်နှစ်ရက်မှာလေ ... "

"မခေါ်ဘူးတီလေး ... သမီးလည်း အလုပ်က အောလ်နိုက်ဆင်းနေရတာ သုံးရက်ရှိပြီ ဆိုတော့ သူ့ကိုမခေါ်၊ အဲ ... တစ်နေ့ကတော့ မစ်ကော်လ်တွေ့ လို့ ပြန်ခေါ် လိုက်သေးတယ် ... "

"ဟုတ်လား ... သူခေါ်ထားတာလား၊ ဘာတဲ့လဲ ... "

"သူ့နာမည်ကြီး ပေါ်နေတာကို သူကမခေါ်ပါဘူးတဲ့ ... "

"ဟင် ... "

"သမီးလည်း အောက်လမ်း ဆရာကြီးနဲ့ ထပ်တွေ့ဖို့ ရှိသေးတာကို သတိ ပေးမလို့ပါ ... "

"အမလေး ... မလုပ်ပါနဲ့တော့၊ လုံးဝမလုပ်ပါနဲ့ ... "

"မဟုတ်ဘူးတီလေး ... ဟိုက အဖြေထုတ်ပေးဖို့ပဲ ရှိတော့တာ၊ သက်စွန့်

ဆံဖျား လုပ်ခဲ့ရပြီးမှ အဖြေမသိလိုက်ရရင် အလကားပဲလေ ... "

ကြည့်စမ်း ... သက်စွန့်ဆံဖျား လုပ်ရမယ်ဆိုတာလည်း သိသိကြီးနဲ့ ...

"ပြီးတော့ ဘာပြောသေးလဲဟင် ... အဲဒီနေ့က ဖြစ်ခဲ့တာ တစ်ခုခု ... "

"သူ တီလေးကို ဘာမှပြန်မပြောဘူးလား ... "

"မပြောပါဘူးကွယ် ... "

ပြောပြပြီးပြီပေမဲ့ ကာရံ့တစ်ခါတစ်ခါ ဆွံ့အနားမကြားသလို ဖြစ်နေတတ်တာအထိ သေချာပြန်ပြောပြမိရင်း ...

"ဖြူ့ကိုတွေ့ခဲ့တယ်လည်း ပြောတယ် ... တီလေးကို တွေ့တော့လည်း သူပြေး ထွက်လာတာ၊ မေ့နေလျော့နေပုံ လုံးဝမရှိဘူး ... ညညမအိပ်တာလည်း မီးမှောင်ချပြီး ငုတ်တုတ်ထိုင်နေတာ၊ အဲဒီတော့ သူ့ကိုဘယ်လို ... "

"သူအကြောက်လွန်ပြီး သည်းခြေ ပျက်လာတာများလား ... "

"ဟင် ... "

လူငယ်ကတွေးမိပြီး သူမမတွေးမိခဲ့သဖြင့် အံ့ဩခြင်းတို့နှင့် စိုးရိမ်စိတ်ကတစ်ပြိုင်နက် ...

"သူအဖော်ခေါ်သွားတဲ့ ဦးလူလှဆိုတဲ့ အရက်သမားကြီးတောင် ခုထိစကား ပြောမှုမမှန် ဖြစ်နေတုန်း ... မစုလွင်ဆီမှာ သူ့ပိုက်ဆံပေးဆိုပြီး လူတွေ့မရှောင် အတင်းလိုက်တောင်းနေလို့တဲ့ ... "

ဘုရား ဘုရား ...

နှစ်ယောက်တည်း ဖြစ်ပျက်သွားလိုက်တာ အရက်သမားလည်း ဘာမှမပြောနိုင်။ ကာရံ ကလည်း မေ့သလိုလို ကြောင်သလိုလို ...

"ပြီးတော့လေ ... အဲဒီဦးလူလှကြီး အခုခွေးတွေမြင်ရင် အတင်းလိုက်ရိုက်ခဲနဲ့ကောက်ထုနဲ့ အရင်လို လုံးဝ မဟုတ်တော့ဘူးတဲ့၊ အဲ့လမ်းထဲမှာ သမီး

သူငယ်ချင်းရှိလို့ သူပြန်ပြောပြတာ ... "

ကိုယ့်တူမလို မြှောက်ပေးတိုင်း ကွေးအောင်ကတဲ့သူနဲ့ သတင်းစုံပါတီစုံ နောက်မကျတဲ့သူနဲ့ သူငယ်ချင်းကောင်းတွေ ပေါလှချေလား မယ်သူသူ။ ကြားနေရတာ ရင်ထဲမှာမကောင်း။ ရန်ကုန်မှာ အခြေချတော့မယ် ဆိုတည်းက ကာရံ့မှာလည်း ဒီသူငယ်ချင်းလေး တစ်ယောက်သာ ရှိခဲ့သည်မို့ ...

"သမီးထင်တာတော့ သူတို့ကြောက်စရာ တစ်ခုခုကြုံခဲ့တယ် ထင်တယ် ... ဦး လူလှကြီး ဖြစ်နေပုံအရဆို သရဲနဲ့ တွေ့လာတာလား ခွေးနဲ့တွေ့လာတာ လား တစ်ခုခုပဲ၊ ဒါပေမဲ့ သူတို့မှာ ခွေးကိုက်ရာ မရှိဘူးဆိုတော့ အဲ ... ဟုတ် တယ်မို့လားဟင်၊ တီလေး ကာရံ့မှာ သွားစွယ်ရာတွေ ဘာတွေ ... "

"ခွေးကိုက်ခံရတဲ့ ဒဏ်ရာတော့ မရှိဘူး ... ပြောလည်း မပြောဘူ ... "

"အဲဒါကြောင့် ပြောတာလေ ... တစ်ခုမဟုတ်ဆိုရင် တစ်ခုကတော့ ဖြစ် နိုင်နေပြီပေါ့ ... "

"ဆရာကြီး ဒီလိုမှာတယ် ... ဒါလုပ်ဖို့ ရှိသေးတယ် ဆိုတာတွေလည်း ဘာ တစ်ခွန်းမှ မပြောဘူး၊ သူ့ပုံစံဖုံးဖိနေတဲ့ပုံလည်း မပေါက်ဘူး ... သူ့မှာ ဘာ လျှို့ဝှက်ချက်မှ မရှိဘူးတဲ့ အတိုင်းပဲ ... "

ကိုယ့်တူမအရွယ်လေးနဲ့ ဒီကိစ္စကြီးကို ဆွေးနွေးနေရတာ ကိုယ့်အဖြစ် ကိုယ်လည်း တရားကျမိပါသည်။ ဖြူ့အမှု ပြီးဆုံးသွားတည်းက လူတောမ တိုးဝံ့ခဲ့တဲ့ အိပ်မက်ဆိုးသည် နိုးထခွင့်မရသော အိပ်မက်ဆိုးလေလား ... ။ ရင်ထဲမှာ မွန်းကျပ်နေသမျှ တူဝရီးနှစ်ယောက်ပဲ ခေါင်းချင်းဆိုင်။ ပြောဆို ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ဒီမျက်နှာ နှစ်ခုကလွဲပြီး တခြားလည်းမရှိ။ ခုတော့ မျက်နှာနှစ်ခုတောင် ဆုံခွင့်မရတော့သည့် အဖြစ် ဆိုးက ဘယ်လို ကံကြမ္မာမျိုးလဲ ...

"တီလေး ... သူ့ကို ဆရာဝန်နဲ့ ပြကြည့်သေးလားဟင် ... "

"ဘာမှမ မဖြစ်တာ ဘယ်လိုလုပ် သတိရပ့ါမလဲကွယ် ... သူဘယ်လို ပြောင်းလဲနေလဲ ဆိုတာ တစ်ရက်နှစ်ရက်နဲ့ အကဲဖမ်းလို့ ရတာမှ မဟုတ်တာ၊ နော်မယ် မဟုတ်တာကတော့ ဖြူ့ကို အဲ့ထဲက ပြန်ဆွဲထုတ်ဖို့ လုပ်နေတည်းက သိသာနေတာပဲ ... သမီးမှာ စိတ်ဝေဒနာ ရှိနေတာ အားလုံးသိကြတာပဲ၊ ဒါပေမဲ့ သူစွဲလမ်းနေတာ ခုလောက်ကြီး ပုံပျက်နေတာမျိုးတော့ မဖြစ်ခဲ့ဖူးဘူး..."

"ဆရာကြီးကလည်း နှစ်တွေ ဒီလောက်ကြာနေရင် သူက ဖြူမဟုတ်တော့ဘူး ပြောင်းလဲနေပြီလို့ သေချာပြောပါတယ် ... ဒါပေမဲ့ "မမဖြူက ကယ်ပါဦးပဲ ငါ့ကိုပြောနေတာတဲ့"၊ အိပ်မက်ထဲမှာ လာလာပြောနေသလားပဲ ... "

ရင်ဘတ်ထု၍သာ အော်ပစ်လိုက်ချင်တော့သည်။ ဒီပြဿနာတွေကို ဘယ်လိုရှင်းရမလဲ ... အစတုန်းက ကိုယ့်တစ်ဖက်တည်းက စွဲလမ်းနေတာ။ လမ်းရိုးပေါ် အရူးလိုသွားနေနေ ဒီခြံထဲဝင်ပြီး အိမ်ကို မြေလှန်ပစ်ဦးမလား ပြဿနာကြီးငယ် မရှိ။ အခု နွေမွှန်းတည့်ရောက်နေပြီ ... ပိုင်သူမရှိတဲ့အချိန် ကိုယ်က သက်ဆိုင်သူဖြစ်ပေမဲ့ ပိုင်သူရှိတဲ့ အချိန်မှာ သက်ဆိုင်သူဆိုတာ ဘေးလူ။ ဒီမိန်းကလေး တစ်ခုခု အကြောက်လွန်လာတာလား ဒါမှမဟုတ် နွေမွှန်းတည့်ကများ တစ်ခုခု ...

"တီလေး ... "

"ဘုရားကြီးနဲ့ အနီးစွ ... "

တစ်ယောက်တည်း စိုးထိတ်မှုတွေနဲ့ သံသရာလည်နေတုန်း နောက်က ရောက်နေတာ မသိလိုက်သဖြင့် ဖုန်းပါ လွတ်ကျမသွားတာ ကံကောင်း ...

"ကာရံရယ် ... လန့်လိုက်တာ ... "

"တီလေးက ဘယ်သူနဲ့ ပြောနေတာလဲ ... "

"သူသူလေ ... ညည်းတို့ ဘာလုပ်ခဲ့ကြသလဲ သူပြောမှသိရတယ် ... "

ကာရံမျက်မှောင်ကုတ်သွားသည်။ ပြီးတော့ ကြားလိုက်ရတာက ကိုယ်ထင်ထားခဲ့သည့် စကားမဟုတ် ...

"သူသူ ... အင်း သိပြီ၊ သူဘာပြောလို့လဲ ... "

ဟင် ...

"မမ ဆုံးသွားတုန်းကတောင် အိမ်မှာလာအိပ်ပေးသေးတယ် ... "

ဒေါ်သိဂီမြင့် တံတွေးမျိုချလိုက်ရင်း ဘာပြောရမှန်းမသိ။ ကာရံ့ပုံစံလေးက အလွန်အမင်း ပင်ပန်းထားသည့်ပုံလည်း ပေါက်လျက် ဘာကိစ္စကိုမှ ခေါင်းထဲထည့် မထားချင်သလို ဗုန်းဗုန်းလဲတော့မယ့် အတိုင်း ...

"ကာရံ ... "

"ဟင် ... "

လှည့်ဝင်တော့ဖို့ ပြင်လိုက်သည့် ကာရံ့လက်လေးကို ကမန်းကတန်း လှမ်းဆွဲလိုက်မိကာ မျက်နှာကိုလည်း သေချာကြည့်မိ၏။ အိပ်ရာထတာနှင့် ဆံပင်ရှင်းတတ်သည့် အကျင့်လေးကြောင့် ဖြန့်ချထားသည့် ဆံပင်တွေကတော့ နွဲ့စင်းနေတာ အရင်အတိုင်း။ ဒါပေမဲ့ မျက်နှာက ချောင်ကျသွားကာ မျက်ကွင်းတွေသိသာစွာ ညိုနေသည်။ နှုတ်ခမ်းလေးတွေ ဖျော့ကျနေ၏။

"ညည်း ... သူသူနဲ့ အောက်လမ်းဆရာရှာပြီး ဖြူ့ကိုကယ်ဖို့ လုပ်ကြတာတွေ လေ၊ ပြီးခဲ့တဲ့ စနေနေ့ကမှပါ ... အဲဒါတွေကို မေ့နေတာလား၊ ဘာတွေဖြစ်ကုန်တာလဲ ကာရံရယ် ... ငါလန့်လာပြီနော် ... "

တကယ်ကို ပြောရင်းနဲ့ ငိုချင်လာတာ အားငယ်စိတ်တွေလားမသိ။

စီးပွားရေးကမရှိ ကျန်းမာရေးတွေက အမျိုးမျိုး ဖြစ်နေတဲ့ကြားက ကာရံ တစ်ခုခု ဆိုးဆိုးရွားရွား ထဖြစ်လိုက်ရင် ဘယ်လိုလုပ်မလဲ ... ။ စားစရာမရှိအောင် မွဲသွားလည်း ထမင်းရည် အတူသောက်နေရပါစေ တီးတိုးဖော်ချင်း ရှိင်းပင်းနေလို့ ရသေးသည်။ ဒေါ်သိင်္ဂီမြင့် အစဖော်ပြီး ပြောပြလိုက်မှ ကာရံ အံ့ဩသလိုလေး ငေးနေရင်း တဖြည်းဖြည်း ခေါင်းပါညိတ်လာပြီး ...

"မှတ်မိပြီ ... မဟုတ်ပါဘူး၊ အိပ်ရေးတွေပျက်ပြီး ခဏလေး မေ့သွားတာပါ ... "

မျက်ရည်လည်နေသည့် အဒေါ်ဖြစ်သူကို သူမကပြန်ပြီး အားပေးနေသေးသည်။ ထို့ပြင် ...

"ကာရံ အဲဒီခြံထဲကို သွားရဦးမှာ ... "

"ဘာ ... "

"ပစ္စည်းတွေ ကျကျန်ခဲ့တယ် အဲဒါ ... "

"နေပါဦး ... ဘာတွေဖြစ်ခဲ့မှန်းတောင် တီလေးမသိရသေးဘူး၊ တီလေးကို အရင်ရှင်းပြပါဦး ကာရံရယ် ... ပြီးတော့လေ ဟိုဥစ္စာ ... "

နွေမွှန်းတည့် ဘာတွေ ပြောခဲ့လုပ်ခဲ့သလဲ ဆိုတာ ပါးစပ်က မေးလို့မထွက်လို့ တော်တော်နဲ့ မေးခွန်းက မဆုံးနိုင်။ အရင်လိုဆို ဒီလိုမေးလိုက်တာနှင့် ကာရံ ပြူးပြူးပြာပြာ ဖြစ်သွားနိုင်သည်။ အထူးသဖြင့် နွေမွှန်းတည့်ကို မုန်းတီး နာကြည်းနေတာမို့ ဒီလူနဲ့ ယိုးစွပ်တာမျိုးကို သည်းခံမယ်မထင်။ ခုတော့ ...

"သူဘာမှ မလုပ်ဘူးထင်ပါတယ် ... "

"ဘာပြောတယ်ကာရံ ... ထင်တယ်ဟုတ်လား၊ ညည်းကိုယ်ညည်း ... "

"ကာရံ မမကိုမြင်လိုက်တယ် ... သေတ္တာကြီး အဲ ... မဟုတ်ဘူး

ရေခဲသေတ္တာကြီးထဲမှာ ... "

ဒေါ်သိင်္ဂီမြင့် ကြက်သီးတွေ ဖြန်းခနဲထသွားသည်။ မနက်ခင်းကြီးမှာ တောင်မှ ဟိုကြည့်ဒီကြည့် ဖြစ်သွားမိကာ သူမလေးကတော့ အေးဆေး ...

"မမက ကာရံ့ကို စိုက်ကြည့်နေတာ ... "

ပြောနေရင်း မျက်ရည်တွေဝေ့သီလာသည်။ သူမ အကြောက်လွန်ပြီး အသိ စိတ်တွေပါ ချိတ်ဆက်လွဲကုန်တာလား ... တကယ်ပဲ ချို့ယွင်းကုန်ပြီ လား ...

"တီလေး ... "

"ဟင် ... "

"မမက ကာရံ့ကို မသိတော့သလိုပဲ ... စိန်းစိန်းကြီး ကြည့်နေတာသိလား"

တော်ပါတော့လို့ပဲ ပြောလိုက်ရမလား ... ဆက်နားထောင်ရမလား ... သွေးစိမ်းရှင်ရှင်နဲ့ သေထားတာကြီး။ ပြီးတော့ တကယ်ကို မကျွတ်မလွတ် ရှိနေသေးသည့်သူ ...

"ကာရံ ... သူ့နာမည်ကို ထည့်မခေါ်ဘဲနဲ့ ပြောလေ ... "

"မမလို့ခေါ်တာ မခေါ်ရဘူးလား ... "

"ဩော် ... ကဲ ... "

"ပြီးတော့ သူကာရံ့ဆီ လာချင်လို့ အဲဒါကြီးထဲက တိုးထွက် ... ... "

"ဒေါက် ... "

ဒေါ်သိင်္ဂီမြင့်လက်ထဲက ဖုန်းလွတ်ကျလေသည်။ ပြန်ကုန်းကောက်တာ တောင် လက်တွေတုန်နေကာ ...

"တော်ပြီနော် ... အဲဒါတွေ နောက်မှပဲပြောရအောင်၊ လာ လာ ... သမီးဖို့

တီလေး ထောပတ် ထမင်းကြော်နဲ့ ပုစွန်ချဉ်သုပ်လေး လုပ်ထားတယ် ... လာ သွားစားရအောင် ... "

ကြောက်သည့်စိတ်ကြောင့် သွားခြေတွေပါယားလာတာ တူမဖြစ်သူရဲ့ ကျန်းမာရေးကို စိတ်ပူဖို့တောင် မေ့သွားခဲ့တဲ့အထိ ...

*****